# ယနေ့မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၂၁)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၁-၁၀-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က သရုပ်ဖော်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ သို့ *

## မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့် ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


အချိန်ဆိုသည်မှာ(ဆောင်းပါး)

စာမျက်နှာ ၁၇

အချို့အရသာ စွဲလမ်းနှစ်သက်သူများအနေဖြင့် စိတ်ကျရောဂါနှင့် ဆီးချိုရောဂါခံစားရမည်

စာမျက်နှာ ၂၀

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

## ပညာအလင်းရောင်ရရှိအောင် ကြိုးစားအားထုတ်ကြရမည်

လူသားတို့သည် အမှောင်ကိုခွင်းရန် အလင်းရောင်ကို ဖန်တီးယူကြသည်။ အမှောင်ခွင်းရန်အတွက် ဆီမီး၊ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီး အစရှိသည့် အလင်းရောင်ကို ဖန်တီးယူကြသည်။ လူငယ်တိုင်းအတွက် အသိပညာမဲ့နေသော အမှောင်ကို ပညာဖြင့် အလင်းပေးကာ အမှောင်ကိုခွင်းကာ အလင်းဆောင်ကြပါသည်။ "ပညာမျက်စိ မြင်မရှိ၍၊ မသိတရား အယူမှားလျက်၊ စီးပွားမမြော် ကျိုးမပေါ်သား"ဟူ၍ လောကသာရပျို့မှ အဆုံးအမသည် ဆင်ခြင်ဖွယ်ရာ လမ်းညွှန်ချက်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ပညာသည်သာ အလင်းရှင်ဖြစ်သည်။ "ပညာသမ္မာ အာဘာနတ္ထိ"ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ပါသည်။ ဆိုလိုသည်မှာ ပညာနှင့်တူသော အလင်းရောင်မရှိဟူ၍ပင် ဖြစ်သည်။

ပညာအလင်းရောင်သည် လူငယ်များအတွက် ဘဝအသိကို အမှန်ဖြစ်လာအောင် လမ်းညွှန်ပေးနိုင်သည်။ လောကီအတွက်သာမက လောကုတ္တရာအတွက်ပါ အကျိုးများစေပါသည်။ စာတတ်မှ စာဖတ်နိုင်မည်ဖြစ်သည်။ စာဖတ်မှ အမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်မည် ဖြစ်သည်။ စာပေတတ်မှ ဗဟုသုတ အမြင်ကြွယ်ဝမည်ဖြစ်သည်။ သို့မှသာ ကောင်းဆိုးမှားမှန်ကို ဝေဖန်ပိုင်းခြားသိမြင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပညာအလင်းရောင်ရရှိအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ထို့ပြင် ပညာအလင်းရောင်ရရှိအောင် လူငယ်ဘဝ ငယ်ရွယ်စဉ်ကပင် ပညာရပ်များကို သင်ယူလေ့လာသင့်သည်။ ငယ်စဉ်ကပင် ပညာသင်မှ ဘဝတစ်လျှောက်လုံး အလင်းရရှိ၍ အမှားကင်းစွာ ဖြတ်သန်းနိုင်မည်ဖြစ်သည်။ ပညာအသိဖြင့် အရာရာချင့်ချိန်လုပ်ဆောင်တတ်မည်ဖြစ်သည်။ မိမိအကျိုးသာမက အများအကျိုးကို ထမ်းရွက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အလင်း၏ စေတမန်များဖြစ်သော ဆရာ၊ ဆရာမများကို အရည်အချင်းပြည့်စုံကြွယ်ဝလာစေရန် ပညာရေးနှင့်ပတ်သက်၍ ဦးစားပေးအရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ အလင်း၏ ဂေဟာဖြစ်သော ကျောင်းများကိုလည်း တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းများအား ကျောင်းဥပမိရပ်ကောင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ အလင်းမြင့်သထက်မြင့်အောင် ပညာရပ်မျိုးစုံ၊ ဘာသာရပ်မျိုးစုံ သင်ကြားခွင့်ရရှိရေး စီစဉ်ဖန်တီးပေးလျက်ရှိသည်။

လူငယ်များအနေဖြင့် စာတတ်မြောက်ရုံသာမက အသိပညာဗဟုသုတများတိုးပွားလာစေရန် စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ စာပေကိုဖတ်ရှုနိုင်ရန်အတွက် မြို့ရွာရပ်ကွက်များသာမက ကျေးလက်တောရွာတိုင်အောင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ လှူဒါန်းလျက်ရှိသည်။ အလင်းတံခါးချပ်များဖြစ်သော စာကြည့်တိုက်များသည်လည်း အမှောင်ကိုခွင်းကာ အလင်းဆောင်မှုတွင် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်လျက်ရှိသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာကသာ အရာရာကို ထိုးထွင်းသိမြင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်ဦးတစ်ယောက်ချင်းဟူသော အလင်းတစ်စစီစုပေါင်းလိုက်သောအခါ အလင်းအားများပေါင်းစည်းလိုက်ပါက အလင်းအားအလွန်ကောင်းလာမည်ဖြစ်ရာ ငယ်ရွယ်စဉ်ကပင် ပညာအလင်းရောင်ရရှိအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဘူမိဗေဒမိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး တတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ



**မန္တလေး အောက်တိုဘာ ၂၀**

အထက်မြန်မာပြည် တက္ကသိုလ်များ ဘူမိဗေဒမိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့၊ ၇၉ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား ကောင်းကျော်ကဖေးတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နာယက ဆရာကြီး ဒေါက်တာမြင့်သိန်း အမှူးပြုသော ဘူမိဗေဒ ကျောင်းသားဟောင်း ၃၅ ဦးတက်ရောက်ကြပြီး ၃၀-၁၁-၂၀၂၄ နေ့တွင် မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက်တွင် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ မန္တလေးမြို့နေ ဆရာကြီးများအား ပူဇော်ကန်တော့ခြင်း ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့နေ ဘူမိကျောင်းသားကြီးများကလည်း ထိုနေ့မှာပင် ရန်ကုန်မြို့နေ ဆရာကြီးများအား တစ်ပြိုင်နက် ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း၊ စာသင်နှစ်အလိုက် ကောက်ခံရရှိသော အလှူငွေများကို ဥက္ကဋ္ဌထံသို့ ငွေသား၊ K Payဖြင့် သက်ဆိုင်ရာ အတန်းကိုယ်စားလှယ်များက အပ်နှံကြမည်ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ အလှူငွေများ ဆက်လက်အပ်နှံကြမည်ဖြစ်ကြောင်း၊ လှူဒါန်းကြသော ပုဂ္ဂိုလ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(၀၄၀)**

## ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲကို အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူဟောင်းများက ပဋ္ဌဂုဏ်အပ္ပဝန္နာဒါမိ၊ အာစရိယဂုဏ် အပ္ပဝန္နာမိ ဂါထာတော် သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ဆရာကြီး ဦးစိုးသိန်းက ပူဇော်ပွဲကျင်းပရခြင်းအကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်း တင်ပြကာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြရာ ဆရာကြီး၊ ဆရာမကြီးများက ဆုတောင်းမေတ္တာပို့သကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးများက ကျောင်းသား၊ ကျောင်းသူဟောင်းများကို ဆုံးမသြဝါဒစကားများ ပြောကြားပြီး ကန်တော့ခံငွေနှင့် အမှတ်တရပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးဆယ်တင်က ဆုတောင်းမေတ္တာပို့သပေးခဲ့ကြကြောင်း သိရသည်။

**ခနို့ဝင်း(ဆင်ပေါင်ဝဲ)**

## ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်ပြီး ဒေသအလိုက် မိုးထစ်ချုန်းရွာသွန်းနိုင်

**မန္တလေး အောက်တိုဘာ ၂၀**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီအချိန်ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေရာမှ ပိုမိုအားကောင်းကာ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်ပြီး အောက်တိုဘာ ၂၄ ရက်အတွင်း ဒေသအလိုက် မိုးထစ်ချုန်းရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ၂၄ ရက်နေ့အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဟု ဆိုသည်။


"လေဖိအားနည်း အရှိန်ကြောင့် တချို့ဒေသတွေမှာ နေရာစိပ်စိပ်ကနေ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး အချို့ဒေသများမှာ မိုးကြီးနိုင်တယ်။ လေပြင်းတိုက်နိုင်တယ်။ နောက် ၂ ရက်အတွင်းမှာ မန္တလေး၊ မကွေး၊ နေပြည်တော်၊ ရန်ကုန် ဧရာဝတီတိုင်းဒေသကြီးတွေနဲ့ ရခိုင်၊ ကရင်၊ မွန်ပြည်နယ်တွေမှာ နေရာစိပ်စိပ်ကနေ အနှံ့အပြား မိုးထစ်ချုန်းရွာနိုင်တယ်။ ဒေသအလိုက် နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းတို့အပြင် မြစ်ငယ်ချောင်းငယ်များမှ လျှပ်တစ်ပြက် ရေကြီးခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း၊ ကုန်းမြင့်ဒေသများတွင် မြေပြိုမှုအန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် လိုကြောင်းတို့ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးထားကြောင်းသိရသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အောက်တိုဘာ ၂၁ ရက်နံနက်ပိုင်းအထိ ခန့်မှန်းချက်အရ တိမ်အသင့်တင့်ဖြစ်ထွန်းကာ နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက ထုတ်ပြန်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အကအဖွဲ့ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

* ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့် အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် Plenary Hall ၌ကျင်းပသည့် ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အကအဖွဲ့ တစ်ဖွဲ့ချင်းစီက ချင်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှ ကြိုဆိုလျက်"** ချင်းရိုးရာတေးသီချင်းနောက်ခံဖြင့် လှပကြော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကပြမှုများ အပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ပြိုင်ပွဲများသို့ တက်ရောက်လာကြသူများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင်"ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံရုပ်စုံ သဘင်အဖွဲ့က "ဝေဿန္တရာ" ဇာတ်တော်ကြီးတွင် ပရမတ္တပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့်မေ္တနှင့် အဓမ္မ အားပြိုင်မှုတို့ကို အနှစ်သာရရှိရှိ ပေါ်လွင်အောင်ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ဖြစ်နေခဲ့ရခြင်းကြောင့် (၂၃)ကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှစတင်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်းနှင့် "ဝေဿန္တရာ" ဇာတ်တော်ကြီးကို အလောင်းတော် ဝေဿန္တရာမင်းကြီး ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီအထွတ်တက်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနားလည်လာခြင်းအားဖြင့် အသိဉာဏ်၊ ကိုယ်ကျင့်တရားပိုမိုမြင့်မားလာစေရန် စသည့်ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

»»» စာမျက်နှာ ၂၄ မှ






ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

မယ်ဒလင်အတီးပြိုင်ပွဲကိုမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟောဝန်"(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်တော်ဖွင့်"(ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကုဏ္ဍလာအိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြူဝန်းလို့ခို" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မန္တလာဘုံ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာဆယ့်နှစ်ပါး" (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှပြိုင်ပွဲဝင်များက "ရဂုံဟေမန်" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မော်တင်လယ်" (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမုဒ္ဒဝါဏိဇ ဇာတ်တော်"ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

## အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ဒေါက်တာသက်သက်ခိုင်၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

စာမျက်နှာ ၅ သို့ »»»

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ



နေပြည်တော် အောက်တိုဘာ ၂၀

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့်တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးနေသောနေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာ ၁၉ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သက်ဆိုင်ရာသင်တန်းကျောင်းများသို့ သွားရောက်ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား သင်တန်းသူများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွ ပါဝင်သီဆိုကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်း တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၀

ရုရှားရေတပ် Russian Pacific Fleet မှ ကော်ဗက်စစ်ရေယာဉ်များ ဖြစ်ကြသည့် စစ်ရေယာဉ်Gromky၊ စစ်ရေယာဉ် Rezky နှင့် စစ်ရေယာဉ် Tsydenzhapov၊ ထောက်ပံ့ရေးရေယာဉ် Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ပြုလုပ်သွားမည်

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးစီးသည့် အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✪

# ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးသူက စံပြကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ မ,တည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလနှင့် ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စံပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၇ ဦးကို ငွေကျပ် ၁ ဒသမ ၄၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၁ ဦးကို ဒုတိယအကြိမ် ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေး



»»» စာမျက်နှာ ၄ မှ

သစ်လွင်ငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅) ယဉ်ကျေးမှုကိုယ်ပိုင်အနုပညာနှင့် ကိုယ်ခံအားပြည့်ဝခိုင်မာနေစေရန် အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြ

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုများသည် ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင် အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံအားပြည့်ဝခိုင်မာနေစေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရဦးမည် ဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား၊ အချိန်အားများစွာစိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်သဖြင့် တည်တံ့ရှင်သန်နေစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီးအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၆)ကြိမ်မြောက် ပုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ





**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲအား သာသနာတော်နှစ် ၂၅၆၈ ကို အမှူးထား၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲကို အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းကြီးအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့်အတူ သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များ လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူနေမှုကို လှည့်လည်ကြည့်ရှုကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀











သတင်း-စာမျက်နှာ ၆














## ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီ၌ ဆီထွက် သီးနှံမျိုးစုံ ဧက(၂)သိန်းကျော် လျာထားစိုက်ပျိုးမည်

**စစ်ကိုင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီ၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့် ပန်းနှမ်းစသည့် သီးနှံမျိုးစုံ (၂၀၁၁၄၉)ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆီထွက်သီးနှံမျိုးစုံအထွက်ကောင်း မျိုးကောင်း၊ မျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ ဒေသထွက် မြေသြဇာ အချိုးကျသုံးစွဲနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ နောက်ဆုံးပေါ်နည်းပညာများ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင်ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန် စည်းရုံးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့် ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြို့နယ်အတွင်း သာမက ပြည်တွင်းစားသုံးဆီဖူလုံရေး သက်ဆိုင်ရာ မိတ်ဖက်ဌာနများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင် အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေမန်း)**



### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| အမ်ပိုလီ | ၀ - ၁ | နာပိုလီ |
| လက်ချီ | ၀ - ၆ | ဖီအိုရင်တီးနား |
| ဗင်နစ်ဇီးယား | ၀ - ၂ | အတ္တလန္တာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လီဟာဗာ | ၀ - ၄ | လိုင်ယွန် |
| အော်ဇေး | ၂ - ၁ | ရမ်းစ် |
| တူးလော့ | ၁ - ၁ | အန်ဂါစ် |
| နန့်တက်စ် | ၁ - ၁ | နိစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| မာယော့ကာ | ၁ - ၀ | ဗယ်လက်ကာနို |
| အက်သလက်တီကို | ၃ - ၁ | လီဂါနက်စ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဟော်ဖင်ဟိုင်း | ၀ - ၂ | ယူနီယံဘာလင် |
| ဖရိုက်ဘတ် | ၂ - ၄ | ဝါဒါဘရီမင် |

# တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ ဒရုန်းယာဉ်တစ်စင်း မြောက်ကိုရီးယားနိုင်ငံနယ်နိမိတ်အတွင်းသို့ ပျက်ကျ



**ပြုံယမ်း အောက်တိုဘာ ၂၀**

တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ ဒရုန်းယာဉ်တစ်စင်း မြောက်ကိုရီးယားနိုင်ငံ နယ်နိမိတ်အတွင်းသို့ ပျက်ကျခဲ့ရာ အောက်တိုဘာ ၁၉ ရက်က ထိုဒရုန်းယာဉ်ပျက်ကို သိမ်းဆည်းရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒရုန်းယာဉ်၏ ဝမ်းဗိုက်တွင် စာရွက်ထည့်သည့် သေတ္တာငယ် တပ်ဆင်ထားသည်ကို တွေ့ရသဖြင့် ပြုံယမ်းမြို့လယ်အထိ သွားရောက်ကာ တောင်ကိုရီးယားအစိုးရ၏ ဝါဒဖြန့်စာရွက်စာတမ်းများ ကြဲချခဲ့သော မောင်းသူမဲ့ ဒရုန်းယာဉ် ဖြစ်နိုင်သည်ဟု ယူဆရသော်လည်း သက်ဆိုင်ရာက အသေးစိတ်ဆက်လက်စစ်ဆေးနေဆဲဖြစ်သည်ဟု ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ထိုဒရုန်းယာဉ် ပြုံယမ်းမြို့တစ်နေရာရှိ သစ်ပင်များထဲသို့ ပျက်ကျခဲ့သော ဓာတ်ပုံမှတ်တမ်းများကိုလည်း အဆိုပါ မြောက်ကိုရီးယားအခြေစိုက်သတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားဘက်က ယင်းကဲ့သို့ အတိအလင်း သတင်းထုတ်ပြန်ခဲ့သော်လည်း တောင်ကိုရီးယားအစိုးရက ထိုသတင်းနှင့် ပတ်သက်၍ မည်သို့မျှတုံ့ပြန်ခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့သည်။

မြောက်ကိုရီးယားသတင်းမီဒီယာတွင် ဖော်ပြသော ဒရုန်းသည် ဆုန်ဝူးအင်ဂျင်နီယာကုမ္ပဏီက ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားတပ်မတော်အတွက် ထုတ်လုပ်ပေးခဲ့သည့် ထောက်လှမ်းရေး ဒရုန်းများနှင့် အလွန်တူသည်ဟု တောင်ကိုရီးယားပါလီမန်အမတ် ယူယုံးဝင်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon




# စည်းကမ်းချိုးဖောက်သောဝန်ထမ်း ၃၀ ဦးကျော် မယ်တာကုမ္ပဏီမှ အလုပ်ထုတ်ပယ်ခြင်းခံရ


**ဝါရှင်တန် အောက်တိုဘာ ၂၀**

စည်းကမ်းချိုးဖောက်သော ဝန်ထမ်း ၃၀ ဦးကျော် မယ်တာကုမ္ပဏီမှ မကြာသေးမီက အလုပ်ထုတ်ပယ်ခြင်းခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဝန်ထမ်းများသည် ကုမ္ပဏီက နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ မှာယူစားသောက်ရန် ပေးထားသောငွေဖြင့် အခြားပစ္စည်းများ ဝယ်ယူခဲ့သဖြင့် အလုပ်ထုတ်ခံရခြင်း ဖြစ်သည်။

ယင်းကုမ္ပဏီက ဝန်ထမ်းတစ်ဦးစီသုံးရန် နံနက်စာအတွက် ၂၅ ဒေါ်လာ၊ နေ့လယ်စာအတွက် ဒေါ်လာ ၂၀၊ ညနေစာအတွက် ၂၅ ဒေါ်လာ ထုတ်ပေးထားကြောင်း သိရသည်။

Mon



အောက်တိုဘာ ၁၉ ရက်က အလည်အပတ်ရောက်လာသော ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ်ကို တူရကီသမ္မတ ရေဆက်တေယစ်အာဒိုဂန် လက်ခံတွေ့ဆုံနှုတ်ဆက်နေစဉ်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ပိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဘီယန်တို အင်ဒိုနီးရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဂျကာတာ အောက်တိုဘာ ၂၀**

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲနိုင် ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဘီယန်တို အောက်တိုဘာ ၂၀ ရက်က အင်ဒိုနီးရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၇၃ နှစ်အရွယ် ကာကွယ်ရေးဝန်ကြီးဟောင်းလည်းဖြစ်သော ပရာဘိုဝိုဆူဘီယန်တိုသည် အင်ဒိုနီးရှားပါလီမန်အမတ်များ၏ ရှေ့မှောက်တွင် ထိုသို့ ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်း ဖြစ်သည်။

မိမိ သမ္မတတာဝန်ထမ်းဆောင်သည့် သက်တမ်းအတွင်း အကျင့်ပျက်ခြစားမှု၊ အဂတိမှုများကို ထိရောက်စွာတိုက်ဖျက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ရှစ်ဦးမြောက်သမ္မတဖြစ်လာသော ပရာဘိုဝိုဆူဘီယန်တိုက ထုတ်ဖော်ပြောကြားသည်။

အင်ဒိုနီးရှားပြည်သူလူထု ကြောက်ရွံ့မှု၊ ဆင်းရဲမှု၊ ဆာလောင်မှု၊ မသိနားမလည်မှု၊ ဖိနှိပ်မှု၊ နစ်နာမှုများမှ ကင်းဝေးစေရမည်ဟုလည်း ၄င်းက ပြောကြားခဲ့ကြောင်း သိရသည်။

Mon



# အီတလီ်ချိန်ရှောကုမ္ပဏီလုပ် လျှပ်စစ်မော်တော်ဘုတ်များ ဥရောပနိုင်ငံများအကြားတွင် ရေပန်းစားလျက်ရှိ

**စတော့ဟုမ်း အောက်တိုဘာ ၂၀**

ဆွီဒင်အခြေစိုက် အိတ်ခ်စ်ရှောကုမ္ပဏီလုပ် လျှပ်စစ်မော်တော်ဘုတ်များ ဥရောပနိုင်ငံများအကြားတွင် ရေပန်းစားလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက အမ်ရှက်လှေဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုကုမ္ပဏီက အိတ်ခ်စ်ရှောကုမ္ပဏီလုပ် လျှပ်စစ်မော်တော်ဘုတ် ၃၂ စင်း မှာယူခဲ့သည်။

ဂျာမနီ၊ ဩစတြီးယား၊ ဆွစ်ဇာလန်စသော နိုင်ငံများကလည်း မိမိတို့ထံသို့ ဆက်သွယ်ကာ ထိုလျှပ်စစ်မော်တော်ဘုတ်များ တိုးမြှင့်မှာယူခဲ့ရာ နောက်နှစ်ကုန်ပိုင်းတွင် ပေးပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဟန်ဆင်းက ထုတ်ဖော်ပြောကြားသည်။

၂၀၁၆ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် အိတ်ခ်စ်ရှောကုမ္ပဏီအနေဖြင့် ပုံစံခေတ်မီဆန်းသစ်ပြီး ပတ်ဝန်းကျင်မညစ်ညမ်းစေသော လျှပ်စစ်မော်တော်ဘုတ်များကို ဆက်လက်ထုတ်လုပ်သွားဦးမည်ဟု ဆိုသည်။

ဆိတ်ငြိမ်သော ဥရောပကမ်းခြေများနှင့် အလွန်လိုက်ဖက်ညီသဖြင့် အိတ်ခ်စ်ရှောကုမ္ပဏီလုပ် လျှပ်စစ်မော်တော်ဘုတ်များကို လူကြိုက်များနေခြင်းဖြစ်ကြောင်း သိရသည်။

Mon





# ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် နေ့စဉ်လူပေါင်း ၂၁၀၀၀ ဦး ငတ်မွတ်သေဆုံးနေကြ

**ဝါရှင်တန် အောက်တိုဘာ ၂၀**

ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် နေ့စဉ်လူပေါင်း ၂၁၀၀၀ ဦး ငတ်မွတ်သေဆုံးနေကြရသည်ဟု အောက်စ်ဖမ်းအဖွဲ့အစည်းက အစီရင်ခံကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပဋိပက္ခများတွင် စားနပ်ရိက္ခာ ထောက်ပံ့မှုများကို ပိတ်ဆို့လေ့ရှိကြသဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် လက်ရှိလူဦးရေ သန်း ၂၈၀ ကျော် ငတ်မွတ်မှုဘေးနှင့် ရင်ဆိုင်နေရကြောင်း ထိုအဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းပဋိပက္ခများကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် နေရပ်စွန့်ခွာလာရသူဦးရေမှာလည်း ၁၁၇ သန်း ရှိလာနေပြီဖြစ်ကြောင်း သိရသည်။

Mon

# အစ္စရေးဝန်ကြီးချုပ် နက်တန်ယာဟုကို လုပ်ကြံရန် ဟစ်ဇဘိုလာပြောက်ကျားအုပ်စုက ကြံစည်အားထုတ်

**ဂျေရုဆလင် အောက်တိုဘာ ၂၀**

လက်ဘနွန်နိုင်ငံအခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားအဖွဲ့ လွှတ်တင်ခဲ့သည့် အဝေးထိန်းဒရုန်းများဖြင့် အောက်တိုဘာ ၁၉ ရက်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုကို လုပ်ကြံရန် ကြိုးပမ်းခဲ့သည်ဟု အစ္စရေးအစိုးရ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဟစ်ဇဘိုလာပြောက်ကျားအုပ်စုသည် အစ္စရေးနိုင်ငံ ဆက်ဆာရီးယကမ်းရိုးတန်းမြို့ရှိ နက်တန်ယာဟု၏ အပန်းဖြေအိမ်တော်ကို အဝေးထိန်းဒရုန်း သုံးစင်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော်လည်း နှစ်စင်းကို အစ္စရေးစစ်တပ်က ဖျက်ချနိုင်ခဲ့သည်။

ထိုကဲ့သို့ တိုက်ခိုက်မှု ဖြစ်ပွားချိန်၌ ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော်သည် ဆက်ဆာရီးယမြို့တွင်မရှိဘဲ အခြားတစ်နေရာသို့ ရောက်ရှိနေခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများလည်းမရှိဟု ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

WYN

0-0-0-0-0





# ကျိုင်းတုံမြို့၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်လှစ်

**ကျိုင်းတုံ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ နွားမေထုန်မဲ့သားစပ် သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ကျိုင်းတုံ)ရုံး၊ တွဲဖက်ပြည်နယ်ဦးစီးမှူး ဒေါက်တာမျိုးနိုင်က ဒေသအတွင်း နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းနို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ မြင့်မားလာစေရန်နှင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်းတင်သွင်းမှုလျှော့ချနိုင်ရန်၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုထွန်းကားလာစေရန်၊ အသား ငါးကဏ္ဍထုတ်လုပ်မှုမြင့်တင်ရန်၊ စားသုံးမှုဖူလုံစေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်အတွက် မျိုးမြှင့်တင်သားစပ်ခြင်း၊ မေထုန်မဲ့ သားစပ်သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီး ကြည်မင်းသိန်းက သင်တန်းသားများအား သင်တန်းလက်စွဲစာအုပ်များ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် နွားမေထုန်မဲ့သားစပ် လုပ်ငန်းဆိုင်ရာ ဆက်စပ်ပစ္စည်းများအား ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များမှ သင်တန်းသား ၉ ဦး တက်ရောက်ပြီး အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူများ သား၊ ငါးဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေး ကြပ်မတ်စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ သား၊ ငါးဝယ်ယူ စားသုံးမှုအဆင်ပြေစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေး အပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခုတွင် (ဝက်၊ အမဲ၊ ဆိတ်) လိုင်စင်စီများမှ သားငါးများ ရောင်းချရာ၌ ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးအတွက် နေ့စဉ်ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဒေသခံပြည်သူလူထု စားသောက်ရေးအဆင်ပြေစေရန်နှင့် သား၊ ငါးများဝယ်ယူစားသုံးရာ၌ သက်သာသောဈေးနှုန်းဖြင့် တစ်ပြေးညီ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့မဈေး အပါအဝင် ကုန်းဇောင်းကျေးရွာ၊ ရောက်တောကျေးရွာ၊ ကျောင်းတော်ရာကျေးရွာနှင့် လယ်ကိုင်းကျေးရွာရှိ ကျေးလက်စည်ပင်သာယာဈေးလေးခုတွင် ဖွင့်လှစ်ရောင်းချနေသည့် သား၊ ငါးဈေးဆိုင်ခန်းများတွင် ဈေးနှုန်းသတ်မှတ်ချက်များပါဝင်သည့် ဗီနိုင်းဆိုင်းဘုတ်များချိတ်၍ စနစ်တကျရောင်းချပေးနေသည်။**(အောက်ပုံ)**

အဆိုပါ စည်ပင်သာယာဈေးများတွင် သား၊ ငါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးအတွက် ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့ဈေး၊ ရောက်တောဈေးနှင့် ကုန်းဇောင်းဈေးသို့ သွားရောက်ပြီး(ဝက်၊ အမဲ၊ ဆိတ်) လိုင်စင်စီများမှ သား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိ ၊ အရိုး၊ အသားအဆီ၊ အရွတ်များ ရောနှော၍ ရောင်းချခြင်း ရှိ၊ မရှိနှင့် အလေးချိန်ခွင် မှန်ကန်မှု ရှိ၊ မရှိတို့ကို ကြပ်မတ်စစ်ဆေးပြီး သတ်မှတ်ဈေး စည်းကမ်းများအတိုင်း စနစ်တကျရောင်းချသွားရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စည်ပင်သာယာဈေးများအလိုက်(ဝက်၊အမဲ၊ဆိတ်) ရောင်းချနေသူများနှင့် ဈေးသူ၊ ဈေးသားများကို စားသုံးသူပြည်သူလူထု အစားအစာ ဘေးကင်းလုံခြုံရေးအတွက် ရောင်းချနေသည့် သား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိရေး၊ နေ့စဉ်ဈေးရောင်း ပြီးချိန်တိုင်း သန့်ရှင်းရေးမပြတ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၄၄၅)




# လေဖိအားနည်းဆဲလ် ဆက်လက်တည်ရှိ
## အောက်တိုဘာ ၂၃ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်


**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေခန့်မှန်းချက်ပြပုံ




အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်း ရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် အတူ လေပြင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်း ပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)တွင် မန်စီးတီးနှင့် လီဗာပူးတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့

**လန်ဒန် အောက်တိုဘာ ၂၀**

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီ မိနစ် ၃၀ က ဝုဖ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဝုဖ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဂီဗာဒီယိုလ်၊ ပွဲချိန်(၉၀+၅) မိနစ်တွင် ဂျွန်းစတုန်းစ်တို့က အသီးသီးသွင်းယူခဲ့သည်။

ဆက်လက်၍ အခြားပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၁၀ နာရီက လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် ဆာလာ၊ ပွဲချိန် ၅၁ မိနစ်တွင် ကာတစ်ဂျုံးစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)အပြီးတွင် လီဗာပူးအသင်းက အမှတ်ပေးဇယားအဆင့်(၁)နေရာ၊ မန်စီးတီးအသင်းက အမှတ်ပေးဇယားအဆင့်(၂)နေရာ၊ ချဲလ်ဆီးအသင်းက အမှတ်ပေးဇယားအဆင့်(၆)နေရာ၊ ဝုဖ်အသင်းက အမှတ်ပေးဇယား အဆင့်(၂၀)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

(NGB)

၀-၀-၀-၀-၀

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**မိုင်းယောင်း အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၌ CS-2A လိုင်းစင်မှ FL-17 သို့ လိုင်းစင်စီအမည်၊ တည်နေရာ၊ လိုင်းစင်အမျိုးအစားပြောင်း လျှောက်ထားမှုသုံးခုအား မူလနေရာတွင် ဆိုင်ဖွင့်လှစ်မှု ရှိ၊ မရှိကို မြို့နယ် Task force အဖွဲ့ လျှောက်ထားသူနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စုစုပေါင်း အင်အား ခုနစ်ဦးဖြင့် ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား ရုံးစစ်ဆေးခြင်းဆောင်ရွက်ပြီး သက်သာချောင်ချိရေး သီးပင်စားပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုခဲ့သည်။ ညပိုင်းတွင် ဝမ်ပုံကျေးရွာ၊ ထပ်ဟိုဖိုင်စေတီတော်အား သွားရောက်ဖူးမြော်ပြီး ဆီမီးထွန်းညှိပူဇော်ကာ ဝမ်ပုံဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၅)

## သီးနှံစုံ ၁၁၁၄၂၄ ဧက စိုက်ပျိုးပြီးစီး

**မကွေး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၁၁၄၂၄ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်၊ ဝါ၊ ဖူးစားပြောင်း၊ ပရဆေး၊ ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်၊ ထန်းပင်၊ အခြားပင်၊ တိရစ္ဆာန်အစားအစာစသည့် သီးနှံဧက ၁၁၁၄၂၄ စိုက်ပျိုးပြီးစီးခဲ့သည်။ ရေနံချောင်းမြို့နယ်၌ သီးနှံများတွင် မိုးရာသီကဆုန်လမှ စတင်၍ ရာသီဥတုကို အမိကထား၍ စိုက်ပျိုးကြသည်။

မိုးရာသီသီးနှံများတွင် ဖူးစားပြောင်း ၄၅၈၃ ဧက၊ နှမ်း ၂၃၃၅၀ ဧက၊ မြေပဲ ၄၉၄၇၀ ဧက၊ ပဲစင်းငုံ ၁၅၂၈၉ ဧက၊ နေကြာ ၅၉၂ ဧက၊ ဝါ ၁၄၀၅ ဧကနှင့် အခြားသီးနှံများအပါအဝင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၇၂)

သင့်သွေးဖြင့် အသက်ကယ်ပါ။

## ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက် သတ်ဖြတ်သည်ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်း တိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စိစစ်ချက်များအရ ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရောက်ရှိခိုအောင်းလျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ကျေးရွာအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ နေထိုင်လျက်ရှိသည်ဆိုသည့်နေအိမ်များအား သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် စီပါကျေးရွာ၏အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း ထပ်မံသိရှိရသဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခေတ္တတိမ်းရှောင်ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ စီပါကျေးရွာမှ ထွက်ခွာသွားပြီးနောက် အောက်တိုဘာ ၁၈ ရက်တွင် စီပါကျေးရွာသို့ဝင်ရောက်လာခဲ့ပြီး ကျေးရွာအတွင်း နေထိုင်လျက်ရှိသောပြည်သူများအား စစ်ဆေးမေးမြန်းမှုများပြုလုပ်ကာ အရပ်သားပြည်သူခြောက်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များကို သတင်းပေးသည်ဟု စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများအား ၎င်းတို့နေအိမ်ခြံစည်းရိုးများ၊ နေအိမ်အတွင်း မြေကွက်လပ်များတွင် ထားရှိကာ နောင်တွင် စစ်ကြောင်းများကို သတင်းပေးပို့သူများအား ထိုကဲ့သို့အပြစ်ပေး၊ အရေးယူကာ သေဒဏ်အဖြစ် သတ်မှတ်ခြင်းခံရမည်ဟု ခြိမ်းခြောက်ပြောကြားကာ ကျေးရွာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ပြည်သူလူထုအထင်အမြင်လွဲမှားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Soe Thein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အိုးလုပ်ရပ်ကွက်နေ စိုးသန်း (ခ) ထွေးထွေးအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထားဝယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်



# မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လွိုင်လင်မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ဘုန်းကြီးကျောင်းများမှ ဝါဆိုသံဃာများနှင့် သီလရှင်အပါး ၃၅၀ကျော်တို့အား ဆွမ်းဆန်စိမ်းကို တပ်နယ်နှင့်တပ်ရင်းတပ်ဖွဲ့များ၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များက လောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဌာနဆိုင်ရာများ ဈေးသူ၊ဈေးသားများ၏ စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**မင်းဘူး အောက်တိုဘာ ၂၀**



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့တွင်ဒုတိယအကြိမ်မြောက် ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများ၏ စုပေါင်း မဟာဘုံကထိန် အလှူတော်ပွဲ ကျင်းပခြင်းကို ယမန်နေ့ နံနက် ၉နာရီက စကုမြို့ ပုညရှင်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူတော်ပွဲကို ဆရာတော် အရှင်သူမြတ်များနှင့်အလှူရှင်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး စကုမြို့ ကန်ဦးကျောင်းတိုက် နိုင်ငံတော်သြဝါဒစရိယ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ စကုမြို့နယ်ဝန်းကျင်ရှိ ကျောင်းပေါင်း ၁၂၀မှ ဆရာတော် ၁၄၄ ပါးတို့က ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။

ထို့နောက် စကုမြို့ အုပ်ချုပ်ရေးမှူး၊ ဦးစီးအရာရှိ ဦးချိုစန်းလွင်ဦးက ဒုတိယအကြိမ်မြောက် စကုမြို့ စုပေါင်းမဟာဘုံကထိန်ပွဲ၏ စီစဉ်ဆောင်ရွက်ထားမှုများကို လျှောက်ထားပြီး မင်းဘူးမြို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား ကထိန်သင်္ကန်းနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကာ ပဒေသာပင်များကို မဲနှိုက်လှူဒါန်းခဲ့သည်။

ထို့နောက် စကုမြို့ကန်ဦးကျောင်းတိုက် နိုင်ငံတော်သြဝါဒစရိယ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရက ကထိန်အနုမောဒနာတရား ဟောကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(၅၀၄)**



# မန္တလေးမြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင် သုံးဘီးယာဉ်များ လစဉ်ကြေး ပေးသွင်းရန်လို

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင် သုံးဘီးယာဉ်များသည် မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး (မြို့တွင်း)သို့ လစဉ်ကြေးအဖြစ် တစ်လလျှင် ငွေကျပ် ၃၀၀၀ ပေးသွင်းရန်လိုကြောင်း ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ခရီးသည်တင် ပြေးဆွဲနေတဲ့ သုံးဘီးယာဉ်တွေအနေနဲ့ ကျွန်တော်တို့ ဆီမှာ လစဉ်ကြေး ၃၀၀၀ ကျပ် ပေးသွင်းရမှာဖြစ်ပါတယ်။ တစ်ရက်ကို ၁၀၀ကျပ်ပဲရှိတယ်။ သုံးလတစ်ဖြတ်၊ ၆လတစ်ဖြတ် ပေးသွင်းနိုင်သလို တစ်နှစ်စာဆိုရင် ၃၆၀၀၀ ဆိုတော့ သူတို့အတွက် ဝန်လေးနေမှာစိုးလို့ လစဉ်သဘောနဲ့ ပေးသွင်းလို့ရပါတယ်"ဟု ၎င်းက ပြောသည်။

ယာဉ်လုပ်ငန်းများကြီးကြပ်မှု ကော်မတီ(မြို့တွင်း)အနေဖြင့် လမ်းများပေါ်တွင် ပြေးဆွဲနေသော ခရီးသည်တင် သုံးဘီးယာဉ်များကို လစဉ်ကြေးပေးသွင်းခြင်းရှိ၊မရှိစစ်ဆေးလျက်ရှိပြီး ပေးသွင်းထားခြင်းမရှိပါက ပေးသွင်းရန် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"တစ်ရက်မှ ငွေကျပ် ၁၀၀ ထဲဆိုတော့ အဆင်ပြေပါတယ်။ လုပ်ငန်းလုပ်ကိုင်တာ ဖြစ်တဲ့အတွက် လုပ်ငန်းလိုင်စင်လုပ်ရတယ်။ ခုတစ်ခါ ကြီးကြပ်ရေးကော်မတီက ကောက်ခံတာလည်း ပေးသွင်းရတယ်။ တချို့ကျတော့ အပိုင်မဟုတ်တော့ အုံနာခပေးပြီး မောင်းကြတာ။ နေ့တွက်ကိုက်ဖို့က အတော်လေးလုံးပန်းရတယ်"ဟု မိုးနိုအိုးဝေသုံးဘီးယာဉ်မောင်းတစ်ဦးက ပြောသည်။

ယာဉ်လုပ်ငန်းများ ကြီးကြပ်မှု ကော်မတီ(မြို့တွင်း)အနေဖြင့် သုံးဘီးယာဉ်များ စနစ်တကျ ပြေးဆွဲစေရေးအတွက် ယာဉ်လိုင်းဂိတ်အသင်းများ ဖွဲ့စည်းပေးလျက်ရှိပြီး လက်ရှိတွင် သုံးဘီးယာဉ်အသင်းပေါင်း ၃၀ ကျော်ရှိပြီဖြစ်ကြောင်း၊အသင်းဖွဲ့စည်းလိုပါက ကော်မတီသို့ လာရောက်ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၉)**

# ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၉နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ၂၀၂၄ခုနှစ် အိမ်ထောင်စုလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများ ၂၀၂၄-၂၀၂၅ခုနှစ်၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်စွမ်းအားမြှင့်တင်ရေး၊ပန်းတိုင်အတွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေး၊ ဆီထွက်သီးနှံ အထူးဇုန်ဖြစ်၍ မြေပဲ၊နှမ်း၊ နေကြာများ လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ ချည်မျှင်ရှည်ဝါ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ဌာနဆိုင်ရာများ၏ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီ ပြီးစီးရေးဆောင်ရွက်ရန်၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန်၊ လုံခြုံရေးဂရုပြု ဆောင်ရွက်ရန်၊ ထူးခြားဖြစ်စဉ် သတင်းများအား အချိန်နှင့်တပြေးညီ ပေးပို့ကြရန်၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးစီးမှု အခြေအနေများ၊ သီးနှံမျိုးစုံစိုက်ပျိုးရေး ပန်းတိုင်အတွက်နှုန်းရရှိရေး၊ ပြည်သူ့ စစ်မှုထမ်းဆိုင်ရာ အကြောင်းအရာများအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စာရေးဝန်ထမ်းများက သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ သိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။**စာစာ(အထက်မင်းလှ)**

# ဗီယက်နမ်နိုင်ငံသည် ကိုးလအတွင်း ဆန်တင်သွင်းမှု စံချိန်တင်မြင့်တက်

ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယမြောက် ဆန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ကိုးလအတွင်း ဆန်တင်သွင်းမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး စံချိန်တင် ရောက်ရှိကြောင်း ဟန္နွိုင်းမြို့ မြန်မာစီးပွားရေးသံမှူး၏ နိုင်ငံခြားကုန်သွယ်ရေးဆိုင်ရာ သတင်းပေးပို့ချက်အရ သိရသည်။

ပြည်ပပို့ကုန်အတွက် တန်ဖိုးမြင့် ဆန်မျိုးများကို စိုက်ပျိုးရန် တောင်သူလယ်သမားများက အာရုံစိုက်လာခြင်းကြောင့် ပြည်တွင်းကုမ္ပဏီများသည် ပြည်တွင်းဝယ်လိုအား ပြည့်မီစေရန် ဆန်တင်သွင်းမှု အရှိန်မြှင့် လုပ်ဆောင်လာကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းမှ ဆန်ကုန်သည် ငုယင်ဗန်ထန်း၏ အဆိုအရ ယခုနှစ်တွင် ကမ္ဘောဒီးယားမှ ၃၀ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

ဆန်တင်သွင်းမှုအများစုမှာ အဓိကအားဖြင့် မြန်မာနိုင်ငံ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှဖြစ်ပြီး အဆိုပါနိုင်ငံများမှ တင်သွင်းသည့်ဆန်များသည် ဝင်ငွေနည်းသော စားသုံးသူများနှင့် တိရစ္ဆာန်အစာထုတ်လုပ်သူများ အတွက် ဆွဲဆောင်မှုရှိပြီး ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀မှ၅၀၀ကြားရှိကြောင်း ဗီယက်နမ်၏ ပျမ်းမျှဆန်တင်ပို့မှု ဈေးနှုန်းအနေဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၄သို့ မြင့်တက်ခဲ့ပြီး ယခင်နှစ်ထက် ၁၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဗီယက်နမ်မြောက်ပိုင်းတွင် ယခုနှစ်အတွင်း ရာသီဥတုဆိုးရွားမှုကြောင့် ဆန်စပါးစိုက်ပျိုးသည့်ဧရိယာ ဟက်တာ ၃၀၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ပြည်တွင်းမှ ဆန်ရရှိမှု နည်းပါးလာသည့်အတွက် ပြည်ပမှ ရင်းမြစ်များကို ရှာဖွေကြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ စိန်ခေါ်မှုများကြားမှ ဆန်တင်ပို့မှုသည် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ၂၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၄ဒသမ ၃၇ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဆန်တင်သွင်းမှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆၀သန်းရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**





## ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

ရတနာပုံမန္တလေး မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား၏ (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို သီတင်းကျွတ်လပြည့်ကျော် ၃ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေရှိ အဆိုပါဘုရားရင်ပြင်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက်၊ ကထိန်တော်ကျောင်းဆရာတော်၊ ဘဒ္ဒန္တပညာသီရိဘိဝံသအမှူးပြုသော ပင့်သံဃာတော်များ၊ ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဒေါက်တာကျော်ဝင်းနှင့်ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာလောကမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ကထိန်တော်ကျောင်းဆရာတော်၊ ဘဒ္ဒန္တ ပညာသီရိဘိဝံသထံမှ ငါးပါးသီလခံယူကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်မြတ်ကို နာယူကြကာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်းနှင့်စပ်လျဉ်း၍သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရား နာယူကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝဇ၃)**

## အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာသဘင်အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာရှိ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ ဦးဆောင်၍ အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက (၂၂)ကြိမ်မြောက် တောမကျောင်းတွင် ကျင်းပသည်။ ထိုပူဇော်ပွဲအခမ်းအနားအား နှစ်စဉ်ဆောင်ရွက်မြဲလုပ်ငန်းစဉ်အတိုင်း ဝတ်ရွတ်ပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ သိမှတ်စရာအကြောင်းအရာတို့အား အမေး၊အဖြေပြုလုပ်၍ ကျေးရွာပေါင်း ခုနစ်ရွာမှ ပရိသတ်အင်အား ၁၆၀ ခန့် တက်ရောက်ပူဇော်ကြသည်။ ၎င်းရွာခုနစ်ရွာမှာ တောမကျေးရွာ၊ မိုးကောင်းကျေးရွာ၊ပင်ချာကျေးရွာ၊ အုန်းပင်ခြံကျေးရွာ၊ပတ္တာကျေးရွာ၊ ချောင်းပတ်ကျေးရွာနှင့် ညာဏ်ကွေ့ ကျေးရွာတို့ပါဝင်သည်။



အဆိုပါအခမ်းအနားသို့ မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရုဦးဆောင်သောအဖွဲ့သည် ဆရာတော်၏သားတပည့်များဖြစ်ကြသည့်အတွက် ဖိတ်ကြားချက်အရ သွားရောက်ပူဇော်ခဲ့ပြီး နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နာယက ဆရာတော် ဘဒ္ဒန္တတိက္ခကိုယ်စား အသင်းဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က အဘိဓမ္မာပွဲဖြစ်မြောက်ရေးအဖွဲ့ သို့ အလှူတော်ငွေကျပ် တစ်သိန်း ကို နဝကမ္မအလှူတော်ငွေအဖြစ် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်နှင့် သစ်တောသစ်ပင်များကို တန်ဖိုးထားပြီး စနစ်တကျ ကာကွယ်ထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာသို့ သွားရောက်ပြီး ထင်းအစား အခြားလောင်စာတိုးမြှင့် သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် နှစ်စဉ် သစ်တောစိုက်ခင်းများကို အကောင်အထည်ဖော်စိုက်ပျိုးခြင်း၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျေးရွာနေပြည်သူများ၏ သစ်၊ တိုင်၊ မျော၊ ထင်းစသည့် သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရေး ကျေးရွာသုံး သစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲ၍ ထုတ်ယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြစေလိုကြောင်း သစ်တောသစ်ပင် ပြုန်းတီးမှုမဖြစ်အောင် ထင်းအစား အခြားလောင်စာများကို တိုးမြှင့်သုံးစွဲသွားကြစေလိုကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး ဟောပြောသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာသည့် ဒေသခံပြည်သူများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်နှင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် စွမ်းအားမြှင့်အဝေမီးဖို အလုံးရေ ၅၀အား ထောက်ပံ့ပေးအပ်ကာ စွမ်းအားမြှင့်မီးဖို၏ သုံးစွဲနည်းစနစ်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးသည် ပွင့်ဖြူမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် ဝန်ထမ်းများ၊ဒေသခံပြည်သူများနှင့်အတူ ပွင့်ဖြူမြို့နယ် သက်သာပန်းတောင်း ကျေးရွာအနီးရှိ စကြာပန်းတောင်း စေတီတော်မြတ်ကြီး ပရိဝုဏ်ဝန်းကျင် သာယာ စိမ်းလန်းစိုပြည်စေရန်အတွက် ဆီးဖြူ၊ဖန်ခါး၊ သရက်၊ ခရေ ၊သကြားပင်စသည့် အရိပ်ရပင် ၁၅ပင်အား စနစ်တကျစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၄၄၅)**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၀ သတ်မှတ်ကြောင်း ထုတ်ပြန်

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးစိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံများ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၀ သတ်မှတ်ကြောင်း အောက်တိုဘာ ၁၉ ရက်စွဲဖြင့် ကြေညာချက်အမှတ်(၁/၂၀၂၄)ကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ ထုတ်ပြန်ကြေညာထားသည်။

စပါးအစိုဓာတ် ၁၄ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ပေါင်ကိုက် စပါးတင်း ၁၀၀၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၉၅၀၀၀၀ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။

ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မိုးစပါးနှင့် ၂၀၂၅ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။


**ရွှေမန်း**



ဝတ္ထုတိုကဏ္ဍ

# ထာဝရသစ္စာ

မင်းလပြည့် (ဟားခါး)



၁၄-၁၀-၂၀၂၄ စာမျက်နှာ ၁၄ မှအဆက်

"အမလေး"

"ချလွမ်း"

ထန်းထန်းတစ်ယောက် ထိတ်လန့်တကြား အော်လိုက်ရင်း လက်ထဲက မှန်တစ်ချပ်လေးကို ကြမ်းပြင်ပေါ်သို့ လွှတ်ကျသွားပြီး အစိတ်စိတ်အမြွာမြွာ ကျကွဲသွားတော့သည်။ ဟိုတုန်းက မင်းသားမျက်နှာလို ချောမောလှပခဲ့သော သူ့မျက်နှာသည် အခုတော့ အမာရွတ်ကြီးတွေ အထပ်ထပ်နှင့် သရဲသဘက်မျက်နှာလို အရုပ်ဆိုး အကျည်းတန်ခဲ့ပြီဖြစ်သည်။ ထန်းထန်းသည် သူ့မျက်နှာသူ မကြည့်ရဲတော့။ သူ့မျက်နှာကို လက်ဝါးတွေအုပ်ရင်း တရှုံ့ရှုံ့နှင့် ငိုတော့သည်။ ရှက်ခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းတို့ဖြင့် ကမ္ဘာ့ကံအဆိုးဆုံး လူသားတစ်ဦးဖြစ်ခဲ့ပြီလား မပြောတတ်။

"သားရယ် . . . ဝမ်းနည်းမနေနဲ့တော့နော်။ လူမသေတာဘဲ တော်လှပါပြီ . . . မုဆိုးနီဟုန်းတို့ ကျားအော်သံကြားလို့ ရှာရင်း သားကိုတွေ့လို့ ကယ်ခဲ့တာ။"

"သားဆုန်ဆုန်ကို အသဲကွဲ မတတ် ချစ်ခဲ့တာပါ ကနူးရယ်။ ဒီ အရုပ်ဆိုးသွားတဲ့ မျက်နှာမဲ့လေးတစ်ခု အတွက်နဲ့ ကျွန်တော့်အပေါ် သစ္စာဖောက် သွားတာကို ဝမ်းနည်းလွန်းလို့ပါ ကနူးရယ် . . . ကျွန်တော့်ဘဝက အဖြစ်ဆိုးလွန်းပါတယ် . . ."

ထန်းထန်းက ယောကျ်ားတန်မဲ့ ယူကျုံးမရ ရှိုက်ငိုပြန်သည်။ သူ့မျက်ရည်တွေ ပါးပေါ်ရှိအမာရွတ်တွေပေါ် စမ်းချောင်းငယ်လေးဖြစ်သွားသည်။ ကနူးနှင့် ကပါးလည်း သူတို့သားအဖြစ်ကို ကြည့်ရင်း ကြိတ်၍ ငိုရှိုက်နေကြ၏။ ဆေးရုံကို လိုက်လာကြသော ဆွေမျိုးများပင် မခံစားနိုင်တော့ မျက်ရည် ရွဲကုန်ကြပေပြီ။

"သားရယ် . . . ဆုန်ဆုန်ကို အပြစ်မမြင်ပါနဲ့။ သားကို ရှာပြန်သယ်လာကြတော့ ညမ်လွန်းရှာကနေ ဟားခါးဆေးရုံကို ပို့တာကအစ ခွဲစိတ်ကုသပြီးတဲ့အထိ ဆုန်ဆုန်ကပဲ အနီးကပ်ပြုစုပြီး စောင့်ရှောက်ခဲ့တာလေ။ ပြီးတော့ မျိုးနွယ်ထုံးစံအရ ပျက်ပြယ်သွားတဲ့ မင်္ဂလာကို ပြန်မဆောင်ကောင်းဘူးလေ။ ဒါကြောင့် ဆုန်ဆုန်ကို ခွင့်လွှတ်လိုက်ပါနော် . . . မေ့ပစ်လိုက်ပါနော် . ."

ကနူးက ပြောနေပေမယ့် သားအတွက် ကြေကွဲနေသည်။ တကယ်လည်း မျိုးနွယ်ထုံးတမ်းအစဉ်လာအရ ပျက်ပြယ်သွားသော မင်္ဂလာအား ပြန်လည် မင်္ဂလာဆောင်၍ မရပေ။ပြီးတော့ ကျားကကုတ်ဖွဲ့ထားသော ထန်းထန်းမျက်နှာပေါ်က ဒဏ်ရာတွေကို ဆရာဝန်တွေက အကောင်းပတိအတိုင်းဖြစ်အောင် မကုပေးနိုင်ဘူးဆိုသည်ကိုလည်း ဆုန်ဆုန်သိခဲ့ပြီဖြစ်သည်။ သို့သော် ထန်းထန်းမျက်နှာကို ခွဲစိတ်ကုသရန်အတွက် အရေးပေါ်ရှားပါးသည့် အိုသွေး၊ သွေးချင်းတူသော သွေးကို ဆုန်ဆုန်ကပဲ ပေးလှူခဲ့တာကိုတော့ ဆရာဝန်နှင့် ဆုန်ဆုန်၊ ကနူးကလွဲပြီး မည်သူမျှမသိလိုက်ကြပေ။

ထန်းထန်းက သူ့အသက်ရှင်ရခြင်းသည် ဇနီးလောင်းအဖြစ် ရှာထားသည့် ဆုန်ဆုန်၏ သွေးကြောင့်ဆိုတာကို သူမသိ။ သို့သော် အမှန်တရားဆိုတာ ဖုံးကွယ်ထား၍မရ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဆုန်ဆုန်၏ကျေးဇူးကို သူသိလာမည် ထင်သည်။


သို့သော် ထန်းထန်းရင်ထဲတွင် ဖြစ်စေချင်သော ဆန္ဒရှိသည်။ ဒါက အိမ်ထောင်ပြုလျှင် နွားနောက်တင် တောင်းမှ မင်္ဂလာပွဲက အထင်ကြီး စရာဖြစ်သည်။ နွားနောက်တစ်ကောင်ကို အရွယ်အစားပေါ်မူတည်၍ ၁၅ သိန်း၊ သိန်း ၂၀ ပေးဝယ်ရသည်။တောင်ပေါ်ဒေသက ငွေရှာရမလွယ်။ ကြာလျှင် နွားနောက်မျိုးတုန်းသွားမှာ သူစိုးရိမ်သည်။ နွားနောက်က ချင်းတိုင်းရင်းသားတို့ မြတ်နိုးရသော ရတနာဖြစ်သည်။

ချင်းတောင်တန်းကို လာလည်သူတိုင်း ရိုးရာမွေးထားသည့် နွားနောက်များကို မြင်စေချင်သည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ထန်းထန်းအနေနှင့် ဆုန်ဆုန်ကို မြတ်နိုးစွာ နွားနောက်တင်တောင်းသော်လည်း မင်္ဂလာပွဲဖြစ်မလာခဲ့၊ မည်သည့်လူမျိုးမဆို မျိုးနွယ်ဓလေ့စရိုက်ကိုလည်း ထိန်းသိမ်းရမည်ဖြစ်သည်။ သိပ်ချစ်ရသော ချစ်သူချင်းမလေး ဆုန်ဆုန်ကို ဆုံးရှုံးရသဖြင့် ထန်းထန်းတစ်ယောက် အတိုင်းမသိ ဝမ်းနည်းကြေကွဲနေမိသည်။

ဆုန်ဆုန်အပေါ် မခန်းသောမေတ္တာ၊ မပြယ်သော ထာဝရသစ္စာရှိကြောင်း သက်သေမှတ်တိုင် စိုက်ထူရန်အတွက် တစ်သက်လုံး အိမ်ထောင်မပြုရန် ထန်းထန်း၏ နှလုံးသားမှ ပိုင်းခြားဆုံးဖြတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

# ရာသီဥတုပြောင်းလဲမှုနှင့် ဆိုးကျိုးများ




လူသားတို့ နေထိုင်ရာ ကမ္ဘာမြေကြီးတွင် သက်ရှိသက်မဲ့အားလုံးတို့သည် သဟဇာတဖြစ်စဉ် အောက်တွင် ရှင်သန်နေကြသည်ဖြစ်၍ ကမ္ဘာမြေ ကျန်းမာရေးကောင်းမွန်ရန် လိုအပ်ပါသည်။ ကမ္ဘာကြီးတွင် အိုဇုန်းလွှာ ပေါက်ပြဲမှုမှသည် ရာသီဥတုပြောင်းလဲစေပြီး ၎င်းမှ အကျိုးသက်ရောက်မှုကို ခံစားလာကြရသည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတု ပြောင်းလဲမှုမှ ဆိုးကျိုးများကို ဖြစ်ပေါ်စေခြင်းမှာ လူသားတို့တွင် တာဝန်မကင်းပါချေ။ ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်ကို ယနေ့ ဒိဋ္ဌမျက်မြင် ကြုံတွေ့နေကြရသည်။ ရာသီဥတုသည် အစဉ်တည်ရှိနေရမည့် သဘာဝတရားဖြစ်သော်လည်း ယနေ့တွင် ပုံမှန်မဟုတ်သော ဆိုးရွားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ အေးရမည့် ဒေသသည် အပူချိန်မြင့်မားလာပြီး ပူသည့်ဒေသတွင် အအေးပိုကဲလာခြင်းတို့ တွေ့ရမည် ဖြစ်သည်။

**ရာသီဥတုဘာကြောင့်ပြောင်းလဲသလဲ**

လူသားတို့နယ်ပယ်တွင် လောင်စာဆီ အလွန်အကျွံသုံးစွဲမှုများ၊ ဓာတ်ငွေ့များ အသုံးပြုမှု၊ လူသားတို့ပရောဂဖြင့် သစ်တောသစ်ပင်ပြုန်းတီးပျက်စီးမှုတို့ကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ၁၉ ရာစုနှစ်ကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း ပိုတိုးလာခဲ့သည်။ ကျောက်မီးသွေးနှင့် လောင်စာဆီများ လောင်ကျွမ်းရာက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲတွင် တိုးပွားများပြားလာရာ ၅၀ ရာခိုင်နှုန်း အထိ ရှိလာခဲ့သည်။ ယနေ့တွင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိပြီး ကမ္ဘာကြီးပိုမိုပူနွေးလာပြီး အယ်လ်နီညို နှင့် လာနီညာကဲ့သို့ အစွန်းရောက် ရာသီဥတုများ ဖြစ်ပေါ်လာသည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးများ ကြုံတွေ့ကြရသည်။

**အယ်လ်နီညိုနှင့် လာနီညာ**

အယ်လ်နီညိုသည် ၅ နှစ်မှ ၇ နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်သည့် တောင်အမေရိကတိုက် အနောက်ဘက် ကမ်းရိုးတန်းနိုင်ငံများမှာ တိုးဝင်လာသည့် ပင်လယ်ရေပူစီးကြောင်းများကြောင့် ဖြစ်ပေါ်လာသည်။ ယခုနောက်ပိုင်းတွင် အယ်လ်နီညိုဖြစ်စဉ် ပိုမိုအားကောင်းလာပြီး တောင်အမေရိကနိုင်ငံများ သာမက ကမ္ဘာကြီးအတွင်းရှိ လူသားတို့အား ခြိမ်းခြောက်လာပြီး ရေကြီးရေလျှံခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်၍ သောက်သုံးရေရှားပါးခြင်း၊ အပူပိုင်းပင်လယ်များမှ သန္တာကျောက်တန်းများပျက်စီးခြင်း၊ ဝင်ရိုးစွန်းဒေသများရှိ ရေခဲများ အရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်ပြီး အောက်စီဂျင်ဓာတ်ငွေ့ကျဆင်းလာခဲ့သည်။ ထိုမှ သက်ရှိမျိုးနွယ်စုတို့ မျိုးသုဉ်းနိုင်သည်ထိ ဆိုးကျိုးများရှိလာသည်။

အယ်လ်နီညိုဖြစ်ပေါ်သည်နှင့် လာနီညာဆိုသော ရာသီဥတုဖြစ်စဉ်လည်းရှိလာခဲ့ရာ အယ်လ်နီညိုနှင့် ပြောင်းပြန်ဖြစ်ပြီး အလယ်ပိုင်းနှင့် အရှေ့ပိုင်း ပစိဖိတ်သမုဒ္ဒရာမှ ရေအေးစီးကြောင်းများဖြစ်လာခြင်း ဖြစ်သည်။ ယင်းအကျိုးဆက်ကြောင့် မုန်တိုင်းများ ဖြစ်ပေါ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ သဘာဝတရားကြီးကို ပြောင်းလဲစေပါသည်။ သို့ဖြစ်၍ "ညီပြီးလျှင် ညာလာမည်"ဟု ဆိုကြသည်။

**ရာသီဥတုပြောင်းလဲခြင်းမှ ဆိုးကျိုးများ**

ကမ္ဘာကြီးသည် ၁ ဒီဂရီ စင်တီဂရိတ်ခန့် ပိုမို ပူပြင်းလာခြင်း၏ နောက်ကွယ်မှ အကျိုးဆက်များမှာ ကြီးမားသည်။ ၁၀ စုနှစ်တစ်ခုအတွင်း ကမ္ဘာ့အပူချိန်တိုးလာခြင်းသည် လူသားတို့အတွက် သက်သောင့်သက်သာမရှိတော့ခြင်းနှင့် သက်ရှိတို့၏ ဇီဝကမ္မဖြစ်စဉ်များကို ကမောက်ကမဖြစ်စေနိုင်သည်။ အပူချိန်လွန်ကဲမှုကြောင့် ဥရောပဒေသတွင် တောမီးများ မကြာခဏလောင်ကျွမ်းခြင်းများဖြစ်ပေါ်သည်။ ၂၀၂၂ ခုနှစ်က ပြင်သစ်နှင့် ဂျာမဏီနိုင်ငံတွင် စံချိန်တင်လောက်သည့် တောမီးလောင်ကျွမ်းမှု ၇ ကြိမ် ရှိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင်လည်း ကမ္ဘာတစ်ဝန်းတွင် ရေကြီးရေလျှံဖြစ်စဉ် ၁၆၄ ခုရှိခဲ့ပြီး အာဖရိကအရှေ့ပိုင်းဒေသများတွင် နှစ်ပေါင်း ၄၀ အတွင်း ဆိုးရွားသော မိုးခေါင်မှုကြောင့် ငတ်မွတ်မှုဘေးရင်ဆိုင်ကြရသည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၉၉ မှ ၂၀၁၈ ခုနှစ်အတွင်း ရာသီဥတုပြင်းထန်မှုခံစားရသည့် နိုင်ငံများတွင် ပါဝင်ခဲ့ပြီး၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရပြီး လူဦးရေ တစ်သိန်းကျော်သေဆုံးခဲ့သည့်အပြင် အိုးအိမ်များပျက်စီးခဲ့သည်။ ယခု ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်း အဖျားခတ်ခံရခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ စိုက်ပျိုးမြေများ ပျက်စီးခဲ့ရသည်။

ကမ္ဘာကြီးပူနွေးလာရာက အယ်လ်နီညိုကဲ့သို့ အပူလွန်ကဲမှုဖြစ်စဉ်ကြောင့် မြေပြင်မှ ရေပမာဏ အများစုသည် ရေငွေ့ပျံကာ ငွေ့ရည်ဖွဲ့ပြီး များပြားသည့် ရေငွေ့များကို ဖြစ်ပေါ်စေကာ ကျယ်ပြန့်ရှည်လျားသည့် ရေငွေ့စီးကြောင်းများ ပိုမိုအားကောင်းလာခဲ့သည်။ ပျမ်းမျှအားဖြင့် ကီလိုမီတာ ၂၀၀၀ ဝန်းကျင် ရှည်လျားပြီး ၃ ကီလိုမီတာခန့် ထုသည့်အပြင် တဖြည်းဖြည်း မိုမိုကျယ်ပြန့်လာသည်ဟု သိပ္ပံပညာရှင်များက ဆိုပါသည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းပိုမိုကြီးမားလာပြီး ပုံမှန်မဟုတ်သော မိုးသည်းထန်စွာရွာသွန်းလာရသည်။ ထိုမှ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် လူသားတို့အတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ကာကွယ်ရန် နိုင်ငံအဆင့်သာမက ကမ္ဘာ့အဆင့်စီမံကိန်းများချမှတ်၍ ဆောင်ရွက်နေကြသည်။ ကာဗွန်ထုတ်လွှတ်မှုမရှိသလောက် နည်းသည့် စွမ်းအင်များအသုံးပြုခြင်း၊ မြို့ပြဖွဲ့စည်းပုံ ပိုမိုစနစ်ကျစေရန် ရေးဆွဲခြင်း၊ ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း၊ ဥပဒေများဖြင့် ထိန်းကျောင်းပေးခြင်းစသည်တို့ ဆောင်ရွက်ကြရန် လိုအပ်ပါတော့သည်။

ခိုင်ဆက်ဝေ

## (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိ



**မကွေး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့်စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ရက်(အောက်တိုဘာ ၁၂ရက်မှ ၃၁ရက်)အထိ ရက်ပေါင်း ၂၀ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း၊ အဆိုပါ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီး အထိမ်းအမှတ် ဆီမီး၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများအပြင် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ဒေသထွက်ကုန် အရောင်း ဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်း ရောင်းချပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ်အထူး စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မိုင်းယန်း အောက်တိုဘာလ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟုတ်ပုံကျေးရွာ၊ မက်မွန်ချိုကျေးရွာနှင့် နမ့်လင်းကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်/မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း၃၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်း ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၃သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ နှစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်၃သန်း ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ပြောပြ၍ သိရသည်။ **(ဝ၄ဝ)**

## ရေဆင်းစပ်မျိုး(၁) မိုးနှောင်းနေကြာစံကွက်စိုက်ပျိုးရန် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒွေးလှကျေးရွာ သမဝါယမအသင်းသား ဦးနေဝင်း၏ ကွင်းအမှတ်(၃၃၇)၊ ဦးပိုင်(၁၄၅) ယာမြေ(၂)ဧကတွင် ရေဆင်းစပ်မျိုး(၁) မိုးနှောင်းနေကြာ စံကွက်စိုက်ပျိုးရန် မြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ လူမှုစီးပွားအဆင်ပြေစေရေး ရေဆင်းစပ်မျိုး(၁)မျိုးများကို မြို့နယ်အတွင်းရှိ ကျေးရွာ(၆၄)ရွာ၊ သမဝါယမအသင်း(၆၄)သင်းမှ အသင်းသား (၂၃၅၉)ဦး၏ ယာမြေ(၈၈၇၂)ဧက စိုက်ပျိုးရန်အတွက် ရေဆင်းစပ်မျိုး(၁) မိုးနှောင်းနေကြာမျိုးများကို ရာသီပေါ်ပေးစနစ်ဖြင့် နေကြာမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိသည်။



ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးနှောင်းနေကြာသီးနှံများ စိုက်ခင်းများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာများ စနစ်တကျ ကူညီပေးလျက်ရှိပြီး အထွက်နှုန်းသေချာစေရန်အတွက် အပင်ကြားတန်းကြား (၁၅) လက်မခန့်အကွာ စိုက်ပျိုးစေခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

### အားကြိုးမာန်တက်

* ပြည်သူများရောဂါကင်းဝေဖို့ရာ
သားသတ်ဌာနလည်းပါ
စားသုံးသူများကျန်းမာရေး
တိ/မွေးဆရာဝန်များ စစ်ဆေးပေး ။

* ရေတိုးသားများ မရောင်းဖို့ရာ
အဖွဲ့များ နေ့စဉ်စစ်ဆေးကာ
အလေးချိန်ခွင်များ မှန်ကန်ရေး
ရုံခွန်ပြေစာများ စစ်ဆေးပေး ။

* ဈေးဌာနရဲ့ အဓိကမှာ
လုပ်ငန်းကြီး (၄)ရပ်ပါ
အခွန်ငွေများ ပြည့်မီရေး
လေလွင့်မှုမရှိအောင် ကောက်ခံပေး ။

* ဈေးများအားလုံးရဲ့ ပုံရိပ်ဟာ
သန့်ရှင်းရေးကဏ္ဍပါ
အမှိုက်လက်ကျန်မရှိစေရေး
အခြားဌာနနဲ့ ပူးပေါင်းပေး ။

* ဈေးသည်များရဲ့ ရောင်းကုန်တွေ
လုံခြုံဘေးကင်းဖို့ ကြီးကြပ်နေ
မသမာသူများရဲ့ နှောင့်ယှက်မှု
အမြဲကာကွယ်စောင့်ကြည့်ရှု ။

* မီးဘေးအန္တရာယ်ကင်းဝေးရန်
သတ်မှတ်ချိန်ငြိမ်းဖို့ စစ်ဆေးပြန်
ပေါ့ပေါ့ဆဆ မနေကြရေး
စပီကာများနဲ့ နှိုးဆော်ပေး ။

* ဈေးများအဝင်အထွက် ကောင်းဖို့ရာ
စည်းကမ်းတကျထွက်မှသာ
ကျူးကျော်တည်ခင်း မရောင်းချရေး
ဝီစီမှုတ်ကာ ရှင်းလင်းပေး ။

* ကော်မတီပုံရိပ်ကောင်းဖို့ရာ
အားကြိုးမာန်တက်နဲ့ပါ
မြို့နေလူထုစိတ်ချမ်းသာဖို့
ဈေး/သားသတ်ဌာနက ဖော်ဆောင်ဖို့ ။

(သန်းနိုင်စိုး စိုက်/မွေး)

# သတင်းပဒေသာ

## ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါကျွတ်ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူပွဲကို ယမန်နေ့နံနက် ၇ နာရီက နန်းဖတ်ခုမ်စေတီတော်ကျောင်းမှ ပရိယတ္တိပါဒကကျောင်းကြီးစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## အခြေခံပညာစာသင်ကျောင်းများသို့ ငွေကျပ် သိန်း ၅၀၀ ထောက်ပံ့လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ရေကြီးရေလျှံမှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေခံပညာစာသင်ကျောင်းများသို့ ငွေကျပ်သိန်း ၅၀၀ ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားအား ယမန့်နေ့က(လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အ.ထ.က (ဆန်ဆိုင်း)၊ အ.လ.က. ခွဲ(တာလော့)၊ အ.ထ.က.ခွဲ (ပုန်းထွန်)၊ အ.ထ.က. ခွဲ(မယ်ဟုတ်)နှင့် အ.လ.က ခွဲ(ပါဆန်း) စသည့် စာသင်ကျောင်း ၅ ကျောင်းအတွက် လိုအပ်သည့် ကျောင်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြန်လည်ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် တာချီလိတ်မြို့၊ မြို့မီးလင်းရေး ဦးဆောင်ကော်မတီ(ဥက္ကဋ္ဌ)ဦးတင်လှိုင်မှ စာသင်ကျောင်း ၁ ကျောင်းလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ အား ထောက်ပံ့ပေးအပ်ရာ ခရိုင်ပညာရေးမှူးနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## (၇၆)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် (၇၆)ကြိမ်မြောက် ပဝါရဏာပွဲကို ငဖဲမြို့ ကျောင်းတွင်းရပ်ကွက် ကုန်းမြင့်ရတနာ ဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော် ၇၅ ပါးနှင့် မြို့ပေါ်ရပ်ကွက်များမှ ယုဝတီဝတ်အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့်အဖွဲ့ဝင်များက ပုဗ္ဗသီရိမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မဟာမြိုင်ဝန်ထမ်းအိမ်ရာ မိသားစု(၁၀၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသောဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။



ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၀၁)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်နို့စိမ်းနှပ်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အပါး ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

# (၁၇)ကြိမ်မြောက် နယ်စပ်တောင်တန်းဒေသ ဘုံကထိန်ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇ မဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းကထိန်တော်အတွက် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အလှူရှင် ဒေါ်ရှိရှိနှင့်ညီမများ(ပဲမျိုးစုံရောင်းဝယ်ရေး)မိသားစုက ဆယ်ကျောင်းစာ ၁၀ ပင်အတွက် ပဒေသာပင် တန်ဖိုး ၁၁ သိန်းကို ယမန်နေ့က လာရောက်လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာ့ပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌကိုယ်စား မွန်ပြည်နယ်အသင်းထောက် ဦးမြင့်စန်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ ပဒေသာပင်ငွေကျပ် တစ်သိန်းတစ်သောင်းနှုန်းဖြင့် ဆက်လက်လှူဒါန်းကုသိုလ်ပြုကြရာ၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဦးကျော်သာ+ဒေါ်ခင် မေ(သမီး)ဒေါ်ခင်မာဆွေ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဦးတင်လှ+ဒေါ်စောရင်တို့အား ရည်စူး၍ အလှူရှင် သား၊ သမီးတစ်စုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ကြျဝင်းကျေးရွာနေ ဖခင် ဦးတင်မောင်+ မိခင် ဒေါ်လှပေါ၊ ဖခင် ဦးပွကြီး+မိခင် ဒေါ်ယဉ်မေတို့အား အမှူးထား၍ (သား)ဦးငွေမောင်+ ဒေါ်ဝင်း၊ (သမီး)မနှင်းသုခိုင် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးခင်မောင်ရွှေ(တိုင်းမြေစာရင်းဦးစီးမှူးငြိမ်း)+ဒေါ်မေမြင့်၊ (သမီး)ဒေါက်တာ မိဆုဝေဖူး၊ မိဆုလှိုင်လှိုင်သီ မိသားစုတို့ကလည်း ပဒေသာပင်တစ်ပင် အသီးသီးလှူဒါန်းကုသိုလ်ပြုကြကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



## မင်္ဂလာသက်တမ်း (၅၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အကြိုအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရွှေပောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရား၏ ဂေါပကအဖွဲ့ နာယက၊ ဘုရားဒါယကာ ဆရာကြီး ဦးတင်မောင်+ဘုရားဒါယိကာမ ဆရာမကြီး ဒေါ်ခင်မြမြ(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်အုပ်ချုပ်သူ)တို့၏ ဇနီးမောင်နှံမင်္ဂလာသက်တမ်း(၅၄)နှစ်ပြည့်နှစ်ပတ်လည်နေ့အကြို မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက် ၁၀ နာရီက ဦးပွားဘုရားဝင်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးထွန်းလင်းနှင့် အဖွဲ့ဝင်များက မင်္ဂလာသက်တမ်း (၅၄)နှစ်ပြည့်နှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်မင်္ဂလာကိတ်မုန့်ဖြင့် ကြွရောက်လာသော ဧည့်သည်များ၊ သား၊ သမီး၊ မြေးတို့အား ကျွေးမွေးဧည့်ခံကြသည်။

၎င်းနောက် ဆရာကြီး၊ ဆရာမကြီးတို့အား ဦးပွားဘုရားဂေါပကအဖွဲ့များက လက်ဆယ်ဖြာမိုး၍ ပြိုင်တူရှိခိုးကန်တော့ကြရာ ဆရာကြီး၊ ဆရာမကြီးတို့ဇနီးမောင်နှံက ဆုတောင်းမေတ္တာများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၄၆)



# အချိန်ဆိုသည်မှာ

အချိန်ဆိုသည်မှာ တားဆီးပိတ်ပင်၍ရသော အရာမဟုတ်ပေ။ အမြဲတမ်းရွေ့လျား ပြောင်းလဲနေသောအရာပင်ဖြစ်သည်။ မြန်မာစကားပုံတစ်ခုရှိပါသည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဖြစ်သည်။ ဒီရေသည် သူ့အချိန်နှင့်သူတက်လာပြီး သူ့အချိန်နှင့်သူပြန်ကျလေ့ရှိသည်။ လူတို့သည်လည်း အချိန်တည်းဟူသော အရာ၌တည်မှီ၍ ဖြစ်နေပါသည်။ ၂၄နာရီအသုံးပြုတာခြင်း အတူတူ လူတစ်ဦးနှင့်တစ်ဦးဖြစ်တည်မှု မတူသော အကြောင်းတရားတို့သည် အသုံးပြုပုံပေါ် မူတည်သည်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုသည့်အတွက် ကြီးပွားတိုးတက်သော အကျိုးအမြတ် ရနိုင်ကြသည်။ ကျေးဇူးရှင်လယ်တီဆရာတော်ကြီးသည် များစွာသော ကျမ်းများကို ပြုစုရာတွင် ခရီးသွားရင်း ရေးသားသည်ဟု မှတ်သားဖူးသည်။ ကျွန်တော်တို့ လူသားများသည် အချိန်ကို မည်သို့မည်ပုံအသုံးပြုကြသနည်း။ တစ်နေ့တာကာလပတ်လုံး ကုသိုလ်သော်လည်းကောင်း၊ ဥစ္စာသော်လည်းကောင်း၊ ပညာသော်လည်းကောင်း အနည်းဆုံး တစ်ခုပိုင်ဆိုင်လိုက်ရရင်ပင် ထိုနေ့အဖို့သည် ကျွန်တော်တို့အတွက် တန်ဖိုးရှိကြပါလိမ့်မည်။

ယနေ့ခေတ်သည် နည်းပညာအရ လွန်စွာတိုးတက်နေပါသည်။ တိုးတက်နေသောခေတ်နှင့်အညီ တချို့သော လူငယ်များသည် အချိန်တည်းဟူသောအရာကို အကျိုးမဲ့စွာ အသုံးပြုနေသည်ကို တွေ့မြင်ရသည်မှာ ဝမ်းနည်းစရာ ကောင်းပါသည်။ လူငယ်အများစုသည် ဂိမ်းဆော့ခြင်း၊ Tiktok ၊ လူမှုကွန်ရက်များ၌ များစွာသော အချိန်ကို ဖြုန်းတီးနေကြသည်။ အချိန်သည် မည်မျှအရေးပါကြောင်းကို အောက်ဖော်ပြပါ ပုံပြင်လေးဖြင့် သာဓကအနေနှင့် ဖော်ပြလိုက်ပါသည်။

တစ်နေ့ကို မိုင်ပေါင်းတစ်ထောင်ခရီးသွားနိုင်သော အာဇာနည်မြင်းပျိုတစ်ကောင်ရှိသတဲ့။ အဲဒီမြင်းပျိုသည် သူ့ရဲ့အစွမ်းအစကို ထုတ်ပြဖို့ အမြဲတောင့်တနေလေသည်။ တစ်နေ့တော့ မြင်းပျိုထံသို့ ကုန်သည်တစ်ယောက် ရောက်လာပြီး အာဇာနည်မြင်းပျိုအား မေးလေသည်။

‘မင်း ငါနှင့်လိုက်နိုင်မလား’

အာဇာနည်မြင်းပျိုသည် ကုန်သည်အား ကြည့်လိုက်ပြီး ခေါင်းခါလိုက်သည်။

‘ငါသည်ကား တစ်နေ့ကို မိုင်ပေါင်းတစ်ထောင်မျှသော ခရီးသွားနိုင်သော အာဇာနည်မြင်းပျိုဖြစ်သည်။ သင့်နောက်လိုက်ပြီး ကုန်သယ်စရာလား’ဟု ငြင်းပယ်လိုက်သည်။

နောက်တစ်နေ့ကျတော့ မြင်းပျိုထံသို့ စစ်သားတစ်ဦးရောက်လာပြန်သည်။ စစ်သားသည်လည်း ကုန်သည်နည်းတူ မိမိနှင့်လိုက်မည်လားဟု မေးမြန်းလိုက်သည်။ မြင်းပျိုသည်လည်း

‘ငါသည်ကား တစ်နေ့ကို မိုင်ပေါင်း တစ်ထောင်မျှသော ခရီးသွားနိုင်သော အာဇာနည်မြင်းပျိုဖြစ်သည်။ သင်လို သာမန်စစ်သားတစ်ဦးနောက်ကို လိုက်စရာလား’ဟု ငြင်းလိုက်ပြန်သည်။

ထို့နောက် တတိယမြောက်အဖြစ် ရောက်လာသည်ကား တောလိုက်မုဆိုးတစ်ဦး တောလိုက်မုဆိုးလည်း မြင်းပျိုသည် ငြင်းပယ်လိုက်ပြန်သည်။

‘ငါသည်ကားတစ်နေ့ကို မိုင်ပေါင်းတစ်ထောင်မျှသော ခရီးသွားနိုင်သော အာဇာနည်မြင်းပျိုဖြစ်သည်။ သင့်နောက်လိုက်ပြီး တောတောင်ထဲတွင် ဆင်းရဲဒုက္ခခံစရာလား’ဟု ပြောလိုက်သည်။

ဒီလိုနဲ့အချိန်တွေ ကြာညောင်းလာသည့်အထိ အာဇာနည်မြင်းပျိုဟာ သူ့အရည်အချင်းနှင့် မတန်ဘူး ထင်သောအရာများကို ငြင်းပယ်ပစ်လိုက်သည်။

တစ်နေ့တွင် တိုင်းပြည်ရှိ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နှင့် စစ်သူကြီးတစ်ဦးသည် အာဇာနည်မြင်းကောင်းတစ်ကောင် ရှာဖွေလေသည်။ ထိုသတင်းကိုကြားတော့ အာဇာနည်မြင်းပျိုဟာ စစ်သူကြီးထံသို့ အပြေးအလွှား သွားပြီးလျှင်

‘ကျုပ်သည်ကား စစ်သူကြီးရှာဖွေနေတဲ့ အာဇာနည်မြင်း ဖြစ်လေသည်’လို့ ပြောလိုက်တော့ စစ်သူကြီးသည် မြင်းပျိုအား ဘက်ပေါင်းစုံ လှည့်ကြည့်ပြီးနောက် မေးခွန်းအချို့ကို မေးလေသည်။

‘သင်သည် ငါတို့တိုင်းပြည်ရဲ့ တောတောင်ရေမြေအနှံ့ သွားဖူးသော အတွေ့အကြုံရှိသလား’ အာဇာနည်မြင်းခမျာ ခေါင်းခါပြလေသည်။

‘နောက်တစ်ခု ထပ်မေးမယ်။ သင်သည် စစ်ပွဲအတွေ့အကြုံကော ရှိပါသလား’မြင်းပျိုလည်း ဒုတိယအကြိမ် ခေါင်းခါလေသည်။

‘ကဲဒါဆိုနောက်ဆုံးတစ်ခုမေးမယ်။ သင်သည် တောတောင်ထဲမှာ သားရဲတွေနှင့် တွေ့သောအခါ သင့်အတွက် ရင်ဆိုင်တိုက်ခိုက်ဖူးတဲ့ အတွေ့အကြုံရှိသလား’မြင်းပျိုသည် ဖြေစရာစကားလုံး မရှိပြန်ဖြစ်လေသည်။ သို့သော် မြင်းပျိုသည် စစ်သူကြီးကို

‘အို --- ကျုပ်မှာ အဲဒီအတွေ့အကြုံတွေ မရှိပေမယ့် ကျုပ်သည် တစ်နေ့ကို မိုင်ပေါင်းတစ်ထောင်မျှသောခရီးကို ပြေးနိုင်ပါသည်။ ညဘက်ဆိုရင်တော့ ရှစ်မိုင်မျှ ပြေးနိုင်ပါသည်ဟု ဆိုလိုက်ပြန်သည်။ ထိုအခါ စစ်သူကြီးသည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး

‘ပြေးစမ်း’ဟု ဆိုလေသည်။

အာဇာနည်မြင်းခမျာ ဆယ်မိနစ်လောက်ပြေးပြီးသောအခါ မောပန်းလာလေသည်။ ခန္ဓာကိုယ်မှာလည်း ချွေးတွေထွက်လာလေသည်။ ခြေထောက်များသည်လည်း ချည့်နဲ့လာသည်။ ထိုအခါ စစ်သူကြီးသည် အာဇာနည်မြင်းကို တစ်ခွန်းသော စကားကို ဆိုပြန်သည်။

‘သင်သည်ကား အိုမင်းနေလေပြီ’

ပုံပြင်သည် ဤတွင် ပြီးဆုံးသွားလေသည်။ ကျွန်တော်တို့သည် ပုံပြင်တွေကို အထင်သေးလို့ မရပါ။ အာဇာနည်မြင်းပျိုသည် သူ့တွင် တစ်နေ့မိုင်ပေါင်းတစ်ထောင် သွားနိုင်သော အစွမ်းအစရှိပင်ဖြစ်သော်လည်း အချိန်ကို တန်ဖိုးမထား၍ အခွင့်အရေး လက်လွှတ်ရလေသည်။ အချိန်သည် တန်ဖိုးရှိစွာ အသုံးပြုတတ်သူအဖို့ အချိန်တိုင်း အချိန်တိုင်းသည် လွန်စွာတန်ဖိုးရှိလေသည်။ ကုသိုလ်ရှာသူအဖို့အချိန်သည် ကုသိုလ်ရရှိနေလိမ့်မည်။ ဥစ္စာရှာသူအဖို့ အချိန်သည် ဥစ္စာရရှိနေလိမ့်မည်။ ပညာရှာသူအဖို့ အချိန်သည် ပညာရရှိနေလိမ့်မည်။ ၁၈၁၅ခုနှစ်၊ ဇွန် ၁၈ရက်တွင် ဘယ်ဂျီယံနိုင်ငံမြို့တော် ဘရပ်ဆဲလ်အနီး ဝါးတာလူးအနီး၌ ပြင်သစ်စစ်ဗိုလ်ချုပ် နပိုလီယံသည် အနည်းငယ်မျှသော အချိန်လေးကို နောက်ကျလိုက်သည့်အတွက် စစ်ရှုံးသူဖြစ်ခဲ့သည်။ အချိန်တည်းဟူသော အရာသည် နာရီ၊ မိနစ်တွင် အရေးကြီးသည် မဟုတ်ပေ။ စက္ကန့်ဆိုသောအရာလည်း အလွန်အရေးကြီးသည်ကို ၂၀၂၄ ခုနှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲတွင် တွေ့မြင်နိုင်သည်။ အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် အမေရိကန် တာတိုအပြေးသမား နိုအာလိုင်းစ်ဟာ ဂျမေကာ အပြေးသမား သွန်းမဆင်နဲ့ အတူတူ ပန်းဝင်လာသည်။ သူတို့နှစ်ဦးစလုံးသည် ၉ ဒသမ ၇၉စက္ကန့်နှင့်အဆုံးသတ် စည်းမျဉ်းကို ရောက်ရှိခဲ့ကြပေမယ့် တိကျလွန်းသော ကွန်ပျူတာမှာတော့ နိုအာလိုင်းစ်ဟာ သွန်းမဆင်ထက် တစ်စက္ကန့်ရဲ့ အပုံ ၅၀၀၀ပုံ တစ်ပုံ စောပြီး ပန်းဝင်ခဲ့သည်လို့ ဖော်ပြနေလေသည်။ ဒါကြောင့် နိုအာလိုင်းစ်သည် ရွှေတံဆိပ်ဆုရှင်ဖြစ်လာသည်။ ဟုတ်ပါသည်။ တစ်စက္ကန့်ဆိုတဲ့ အလွန်တိုတောင်းတဲ့ အချိန်ပမာဏလေးကိုမှ နောက်ထပ်အစိတ်အပိုင်း ၅၀၀၀အထိ ပိုင်းလိုက်ရင်ရလာသော အချိန်ပိုင်းတစ်ခုပင်ဖြစ်သည်။ သို့သော် အဲဒီအစိတ်အပိုင်းလေးတစ်ခုပင် နိုအာလိုင်းစ်ဆိုသော တာတိုအားကစားသမားအတွက် အမြင့်ဆုံးဖြစ်သော ရွှေတံဆိပ်ကို ပိုင်ဆိုင်ခွင့်ရယူနိုင်လိုက်သည်။ ထိုရွှေတံဆိပ်ကို ပိုက်ဆံဖြင့် ဝယ်၍မရနိုင်ပေ။ ထို့အတူ အချိန်ကိုလည်း ငွေနှင့်ဝယ်လို့ မရပေ။ အချိန်၏ အဖိုးတန်မှု၊ အချိန်၏ အရေးပါမှု၊ အချိန်၏ အသုံးဝင်မှုတို့သည် အသုံးပြုသူအပေါ် အရေးကြီးသည်။ အချိန်ကို မှားယွင်းစွာ အသုံးပြုနေလျှင် ဘဝမှာ နစ်နာဆုံးရှုံးမှု များစွာဖြစ်ပေါ်စေနိုင်သည်။ သို့အတွက် အချိန်ရှိခိုက် လုံ့လစိုက်ပြီး တန်ဖိုးရှိသောအချိန်များကို တန်ဖိုးထားစေချင်ကြောင်း ရေးသားလိုက်ပါတော့သည်။

ထူးခက်ခက်ငယ်

## မန္တလေး-ရန်ကုန် ရထားခရီးစဉ်အတွက် လက်မှတ်ခ နှုန်းထားသစ်များပြောင်းလဲ

**မန္တလေး အောက်တိုဘာ ၂၀**

မြန်မာ့မီးရထားမှ ပြေးဆွဲပေးနေသော မန္တလေး-ရန်ကုန် ရထားခရီးစဉ် လက်မှတ်နှုန်းထားများကို အောက်တိုဘာ ၂၀ ရက်မှစတင်၍ နှုန်းထားသစ် ပြောင်းလဲ သတ်မှတ်လိုက်ပြီး အခြားမီးရထားခရီးစဉ်များလည်း နှုန်းထားသစ်များဖြင့် ပြေးဆွဲမည်ဟု မြန်မာ့မီးရထားမှ သိရသည်။

‘ရထားတွေမှာ အသုံးပြုတဲ့ ဒီဇယ်စက်သုံးဆီဈေးနှုန်းများအရ လိုက်လျောညီထွေရှိအောင် အရင်လက်မှတ်နှုန်းထားတွေထက် ဈေးမြင့်ရောင်းချတာ ဖြစ်မယ်။ ဈေးနှုန်းတချို့က တစ်စောင်ကို ငွေကျပ် ၁၀၀၀ လောက်ပဲဈေးမြင့်ပြီး တချို့ လက်မှတ်ခက အများဆုံး ၄၀၀၀ လောက်ပိုပါတယ်’ဟု မြန်မာ့မီးရထားဝန်ထမ်းတစ်ဦးက ပြောသည်။

မန္တလေး-ရန်ကုန် ရထားခရီးစဉ်တွင် အမှတ် ၆ အစုန်လေအိတ်အထူးရထားသည် မန္တလေးဘူတာမှ သောကြာ၊ တနင်္ဂနွေနေ့များ၌ ည ၉နာရီခွဲတွင် ထွက်ခွာ၍ အထက်တန်းလက်မှတ်ခမှာ ယခင် ငွေကျပ် ၂၄၀၀၀ မှ ယခု ငွေကျပ် ၂၇၀၀၀၊ ရိုးရိုးတန်းလက်မှတ်မှာ ယခင် ငွေကျပ် ၁၂၀၀၀မှ ယခု ငွေကျပ် ၁၆၀၀၀ ဖြစ်ကြောင်းသိရသည်။ (ဝဲပုံ)

‘ရန်ကုန်-မန္တလေး လေအိတ်ရထားကို စုန်-ဆန်လို့ ခေါ်တယ်။မန္တလေးကနေ တစ်ပတ်မှာ သောကြာနဲ့ တနင်္ဂနွေနေ့တွေမှာ ထွက်ခွာပေးပါတယ်။ လက်မှတ်နှုန်းထားပြောင်းလဲ သတ်မှတ်တာက တစ်စင်းနဲ့တစ်စင်း ဈေးမြင့်တာ မတူပါဘူး’ဟု ဆက်လက် ပြောကြားသည်။

မန္တလေးဘူတာမှ နေ့စဉ် နံနက် ၅ နာရီတွင်ထွက်ခွာသည့် အမှတ် ၁၂အစုန် အမြန်ရထား လက်မှတ်နှုန်းထားများမှာ ယခင်က အထက်တန်းငွေကျပ် ၂၂၀၀၀ မှ ယခု ငွေကျပ် ၂၅၀၀၀၊ ရိုးရိုးတန်းလက်မှတ်နှုန်းထားမှာ ယခင် ငွေကျပ် ၁၁၀၀၀ မှ ယခု ၁၅၀၀၀ ဖြစ်ပြီး အထက်တန်းအိတ်စင် လက်မှတ်တစ်စောင်လျှင်ယခု ငွေကျပ် ၃၃၀၀၀ ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)



# ပွင့်လင်းခရီးသွားရာသီတွင် ပုဂံခေတ်မှ ပင်းယခေတ်အတွင်း အနုပညာလက်ရာများ တစ်စုတစ်ဝေးတည်း လေ့လာနိုင်သည့် ရွှေဂူကြီးစေတီတော်သို့ ဘုရားဖူးပြည်သူများ လာရောက်လေ့လာနိုင်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ အနော်ရထာမင်းကြီးလက်ထက်တွင် ဆည်၊ မြောင်း၊ ချောင်း၊ ကန်၊ ဘုရား၊ ပုထိုးစေတီများကို နေရာအနှံ့အပြားတွင် တည်ဆောက်ခဲ့ပြီး သာသနာတော်တည်တံ့ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ပွင့်လင်းခရီးသွားရာသီတွင် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစုအတွင်း အနုပညာလက်ရာများ တစ်စုတစ်ဝေးတည်းနှင့် အပြည့်စုံဆုံး စုဝေးတည်ရှိသည့် ရွှေဂူကြီးစေတီတော်ကြီးသို့ ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများ လာရောက်လေ့လာနိုင်သည်။

ရွှေဂူကြီးစေတီတော်ကြီးသည် ကျောက်ဆည်မြို့နှင့် တံတားဦးမြို့ချင်းဆက် ကားလမ်းမကြီးဘေး ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိပြီး ပထမမြန်မာနိုင်ငံတော်ကြီး စတင်တည်ထောင်ခဲ့သော ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုမင်းကြီး မင်းမြတ်အနော်ရထာသည် ပုဂံနိုင်ငံတော်ကြီး၏စပါးကျီဒေသဖြစ်သော စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်နှင့် ဒုဋ္ဌဝတီမြစ်တို့ဖြတ်သန်းစီးဆင်းရာ ကျောက်ဆည်လွင်ပြင်တွင် ပင်လယ်၊ ပြည်မနား၊ မြစ်သာ၊ ရမုန်း၊ မြင်းခုံတိုင်၊ ပနန်၊ တမုတ်၊ သင်တောင်း၊ မက္ခရာ၊ တပြက်သာ၊ ခံလူး စသည့် လယ်တွင်း ၁၁ ခရိုင်ခံမြို့များ အခိုင်အမာ တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါခံမြို့များသည် မြစ်သားမြို့နယ်တွင် ၃ မြို့၊ ကျောက်ဆည်မြို့နယ်တွင် ၅ မြို့၊ စဉ့်ကိုင်မြို့နယ်တွင် ၃ မြို့ ပါဝင်လျက်ရှိကြောင်းသိရှိရပြီး တမုတ်ခံ မြို့ဟောင်းမြို့သည် ပန်းလောင်မြစ်၏ အရှေ့ဘက်၊ ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိပြီး အကျယ်အဝန်း ၂၅ ဧကမြင်းခွာပုံသဏ္ဌာန်ရှိသော အုတ်မြို့ရိုးနှင့် တည်ဆောက်ထားကြောင်း၊ တမုတ်ရွှေဂူကြီးစေတီတော်မြတ်ကြီးသည် အဆိုပါ တမုတ်မြို့ဟောင်းကုန်း၏အတွင်းဘက် အရှေ့တောင်ထောင့်တွင် တည်ရှိကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတောင်ကြီးသည် ပုဂံခေတ်ဦးပိုင်းက ပန်းလောင်မြစ်ရိုးတစ်လျှောက် အနော်ရထာမင်းကြီးတည်ထားပူဇော်ခဲ့သော ဂူကြီး ၉ လုံးအနက် တစ်လုံးဖြစ်ခဲ့ပြီး ပုဂံခေတ်နှောင်းပိုင်း(၁၂ ရာစုနှောင်းပိုင်း)တွင် မြစ်တော်နရပတိစည်သူမင်းကြီးမှ မူလစေတီတော်ပုံအထွဋ်တင် တစ်ထပ်ဂူဘုရားငယ်အား ကွမ်းတောင်ပေါက်နှစ်ထပ် ဂူဘုရားအဖြစ် ပြောင်းလဲပြုပြင်လိုက်သည့်အပြင် အတွင်းရှိ ဆင်းတုတော် အကြီး၊ အငယ်များ၊ အပြင်မှ အလွန်အနုစိတ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ပုံမျိုးစုံ၊ ကျေးငှက်ရုပ်မျိုးစုံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ကိန္နရာ ပေါင်းစုံတို့၏ အရုပ်များဖြင့် ပြန်လည်အလှဆင်ခဲ့ကြောင်း၊ ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခု၊ ဥဇ္ဇနာမင်းကြီးလက်ထက်တော်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်များအား ထပ်မံလွှမ်းငုံ၍ စေတီတော်အသစ်တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းသုတေသီ မောင်ဝင်းမောင် (တမ္ပဝတီ) ရေးသားပြုစုထားသည့် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်သမိုင်းအကျဉ်းစာအုပ်တွင် ရေးသားဖော်ပြထားပါသည်။

ယခုအခါ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားကြီးအား ပြန်လည်ပြုပြင်မွမ်းမံထားမှုကြောင့် ဒုတိယလိုဏ်ဂူ ဂန္ဓကုဋိတိုက်အတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် ဦးခေါင်းတော် ၂ ပေ ၆ လက်မ၊ ဉာဏ်တော် ၁၀ ပေခန့်ရှိ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော အင်္ဂတေရုပ်ပွားတော်ကြီးနှင့် အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော ရှေးဟောင်းအနုပညာလက်ရာများဖြစ်သည့် ပန်းဆွဲဘီလူးများ၊ နံရံအင်္ဂတေပန်းတော့ရုပ်ကြွများ၊ စေတီတော်လေးဘက်မျက်နှာရှိ မုခ်ဦးတံကဲကနုတ်ပန်း ဒီဇိုင်းများ၊ ခြင်္သေ့ကိုယ်နှစ်ခု မြင်းခေါင်းပုံနှင့် လူခန္ဓာ (အဿမုခီ)ပုံ၊ ဆင်ဦးခေါင်းနှင့် ငှက်ကိုယ်(ဆင်ငှက်)၊ ဗျိုင်းနှစ်ကောင် လည်လိမ်၊ ကြက်ဖ၊ ဆင်၊ သမင်၊ မျောက်၊ မိကျောင်း၊ ငါး စသည့်ပုံများနှင့် အထက်ပစ္စယံ အဆင့်ဆင့်၏ မှန်ကွက်များတွင် အင်္ဂတေများဖြင့် ဇာတ်တော်နိပါတ်စဉ်များနှင့် ဇာတ်တော်အမည်ရေးထိုးထားသော ငါးရာ့ငါးဆယ်သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ၊ မုခ်ဦးအတွင်း ဉာဏ်တော် ၁၀ ပေရှိ ရုပ်ပွားတော် စသည့် ဆန်းကြယ်သည့် ၁၂ ရာစုခေတ် ပန်းတော့လက်ရာအနုစိတ် အင်္ဂတေဒီဇိုင်းများနှင့် တမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော်မြတ်အား ဖူးတွေ့ရမှာဖြစ်ကြောင်းနှင့် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစုအတွင်း အနုပညာလက်ရာများ(ရှေးမူလလက်ရာအတိုင်း)တစ်နေရာတည်း အပြည့်စုံဆုံး စုဝေးတည်ရှိရာ မြန်မာနိုင်ငံ၏တစ်ဆူတည်းသော မြန်မာ့ဂုဏ်ဆောင် စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများအနေဖြင့် ပွင့်လင်းခရီးသွားရာသီတွင် လာရောက်လေ့လာ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

(၄၈၅)

* - * - * - * - *





## ရေကာဘုရား(ခေါ်)ရှမ်းဘုရား (၃)ဆူတွင် ရေထိန်းနံရံရေတိုက်စားမှုကြောင့် ဘုရားစေတီအချို့ နိမ့်ကျ

**မြစ်သား အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ မြို့မအနောက်ရပ်ကွက် ပန်းလောင်မြစ်နံဘေးရှိ ရေကာဘုရား (ခေါ်)ရှမ်းဘုရား ၃ ဆူတွင် ရေထိန်းနံရံရေတိုက်စားမှုကြောင့် ဘုရားစေတီအချို့ နိမ့်ကျမှုကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက နိမ့်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ ရေထိန်းနံရံရေတိုက်စားမှုဖြစ်ပွားရာသို့ ဘုရားအကျိုးတော်ဆောင်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ဖေမှ သွားရောက်ကြည့်ရှုခဲ့ရာ မြစ်ရေတိုက်စားမှုကြောင့် ရေထိန်းနံရံအရှည်ပေ ၈၀ ခန့်အား ရေတိုက်စားသဖြင့် ဘုရားပရိဝုဏ်အတွင်းရှိ နဂါးဘုရား ဉာဏ်တော် ၁၁ ပေ၊ နဂါးမယ်တော်တိုက်နန်း အမြင့်ပေ ၁၂ ပေတို့မှာ ၄ ပေခန့်နိမ့်ကျခဲ့ပြီး ဘုရား ၃ ဆူအနက် ရန်ကြီးအောင်ဘုရားမှာ အနောက်ဘက်သို့ ၅ ဒီဂရီခန့် တိမ်းစောင်းသွားခဲ့သည်။

ရေထိန်းနံရံရေတိုက်စားမှုကြောင့် ဘုရားစေတီများ နိမ့်ကျမှုဖြစ်ပွားရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြစ်သားမြို့ မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး စိုးဝဏ္ဏအောင်တို့မှ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ဝါဝါမြင့်**

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နားစံကျေးရွာအုပ်စု၊ နမ့်ဖတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၅၅၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ကို အသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

**မောင်နိုင်**

* - * - * - * - *

# အဘိုးတို့ စကားဝိုင်း ရင်လှိုင်းခုန်လို့ တုန်မိသည်

လွန်ခဲ့သော ဝါဆိုလပြည့်နေ့က ဖြစ်၏။ အဖိုးတို့ စကားဝိုင်းဖွဲ့ရာ သုခမ္မာဇရပ်ထဲသို့ ရောက်သွား၏။ အဘိုးတို့သည် ဥပုသ်နေ့တိုင်း ဤသုခမ္မာဇရပ်ထဲသို့ ရောက်လေ့ရှိကြ၏။ရှေးဟောင်းနှောင်းဖြစ်စကားတို့ကို ပြောဆိုလေ့ရှိကြ၏။ လောကီလောကုတ္တရာနှစ်ဖြာသောစကား ဆိုလေ့ရှိကြ၏။

‘ပန်းပဲမင်းကြီး ဦးမှိုဟာ လောကီအရာမှ ကျွမ်းသလို လောကုတ္တရာအရာမှာလည်း ခေသူမဟုတ်ဘူး ကိုကြီးပိန်ရဲ့ ဒီရွှေမြို့တော်ကြီး မတည်ဆောက်ခင်မှာပဲ ဘာသာရေး အနှစ်သာရပါတဲ့ စကားတွေကို ပြောခဲ့တယ်လို့ ဆရာဘုန်းကြီး ဦးဒါယိတ်က မိန့်ခဲ့ဘူးတယ်’။

‘ဘယ်လို မိန့်ခဲ့ဘူးလို့လည်း ကိုရင်ကြာခိုင်ရဲ့’။

‘ဒီလိုလေ ကိုရင်ဘိုဂုဏ်ရဲ့ ဗုဒ္ဓနိုင်ငံတော်ဖြစ်တဲ့ ပဟာဒီ မြန်မာနိုင်ငံမှာ တော်တော်များများက ကိုယ်ပိုင်ဘုရားထုလုပ်ပြီး ကိုးကွယ်လေ့ရှိကြတယ်။ ဒီလို ဘုရားထုလုပ် ကိုးကွယ်တဲ့နေရာမှာ သုံးမျိုးသုံးစား မှတ်ထားရလိမ့်မယ် မြဲမြံတည်တံ့အောင် ထုလုပ်ကိုးကွယ်တာက တစ်မျိုး။ စီးပွားရာထူး တိုးတက်အောင် ထုလုပ်ကိုးကွယ်တာက တစ်မျိုး။ အသက်ရှည်အောင် ထုလုပ်ကိုးကွယ်တာက တစ်မျိုးလို့ အဲ့ဒီလို သုံးမျိုးသုံးစား ကွဲပြားတယ်လေ’။

‘စီးပွားတွေမြဲအောင် ရာထူးတွေမြဲအောင် မိသားစုတွေ မပြိုမကွဲမြဲအောင် ဘုရားထုလုပ်ကိုးကွယ်နည်းကိုတော့ ကိုရင်ရွှေမှည့်က ရှင်းပြစမ်းပါလေ’။

‘ရှင်းပြဆိုလည်း ရှင်းရမှာပေါ့ ကိုရင်ကြာခိုင်ရာ ခုနှစ်ရက်သားသမီးတွေဟာ မိမိမွေးနေ့ရဲ့ အမြင့်နေ့နဲ့ အညွှန့်နေ့နံ သစ်သားကိုရှာပြီး ဘုရားထုလုပ်ကိုးကွယ်ရမယ်။ ဥပမာ-တနင်္ဂနွေသားသမီးရဲ့ အမြင့်နေ့က စနေနေ့ ဖြစ်တယ်။ အညွှန့်နေ့က တနင်္လာနေ့ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့နဲ့ အညွှန့်နေ့နံရှိတဲ့ သစ်သားကိုရှာပါဆိုရင် ‘ထန်းကျင်’သား တွေ့ရမယ်။ ဒါ့ကြောင့် တနင်္ဂနွေသားသမီးများက စီးပွား၊ ရာထူး၊ မိသားစု မြဲမြံတည်တံ့ခိုင်မြဲချင်တယ်ဆိုရင် ‘ထန်းကျင်’သားကို ဘုရားထုလုပ် ကိုးကွယ်ရမယ်’။

‘တနင်္လာသားသမီးအကြောင်းကိုပြောမယ် တနင်္လာရဲ့ အမြင့်နေ့က တနင်္ဂနွေနေ့ ဖြစ်တယ်။ အညွှန့်နေ့က အင်္ဂါနေ့ ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့နဲ့ အညွှန့်နေ့ရှိတဲ့ သစ်သားကိုရှာပါဆိုရင် ‘ဩဇာ’သားကို တွေ့မယ်။ ဒါ့ကြောင့် တနင်္လာသားသမီးများဟာ စီးပွား၊ ရာထူး၊ မိသားစု တည်တံ့ခိုင်မြဲချင်တယ်ဆိုရင် ‘ဩဇာ’သားကို ဘုရားထုလုပ်ကိုးကွယ်ကြရမယ်’။

‘အင်္ဂါသားသမီးအကြောင်းကိုပြောပါ့မယ် အင်္ဂါရဲ့ အမြင့်နေ့က တနင်္လာနေ့ ဖြစ်တယ်။ အညွှန့်နေ့က ဗုဒ္ဓဟူးနေ့ ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့ တနင်္လာနံနဲ့ အညွှန့်နေ့ ဗုဒ္ဓဟူးနံအသားကိုရှာပါဆိုရင် ‘ကလိန်’သားကို တွေ့မယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူး၊ မိသားစုတို့ မြဲမြံခိုင်ခံ့တည်တံ့ခိုင်မြဲချင်တဲ့ အင်္ဂါသားသမီးများဟာ‘ကလိန်’သားကို ဘုရားထုလုပ်ကိုးကွယ်ကြရမယ်’။

‘ဗုဒ္ဓဟူးသားသမီးများအတွက်ပြောမယ် ဗုဒ္ဓဟူးနေ့ရဲ့ အမြင့်နေ့က အင်္ဂါနေ့ ဖြစ်တယ်။ အညွှန့်နေ့က ကြာသပတေးနေ့ ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့ဖြစ်တဲ့ အင်္ဂါနံနဲ့ အညွှန့်နေ့ဖြစ်တဲ့ ကြာသပတေးနံသားကိုရှာပါဆိုရင် ‘စိန်ပန်း’သားကို တွေ့မယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူး၊ မိသားစု မြဲမြံခိုင်ခံ့တည်တံ့ချင်တဲ့ ဗုဒ္ဓဟူးသားသမီးများဟာ ‘စိန်ပန်း’သားကို ဘုရားထုလုပ် ကိုးကွယ်ကြရမယ်’။

‘ကြာသပတေးသားသမီးများအတွက်ပြောမယ် ကြာသပတေးနေ့ရဲ့ အမြင့်နေ့က ဗုဒ္ဓဟူးနေ့ ဖြစ်တယ်။ အညွှန့်နေ့က သောကြာနေ့ ဖြစ်တယ်။ ဒါ့ကြောင့်အမြင့်နေ့ ဗုဒ္ဓဟူးနံနဲ့ အညွှန့်နေ့ သောကြာနံသားကို ရှာပါဆိုရင် ‘ဝါးသဲ’သားကို တွေ့ရမယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူး၊ မိသားစု မြဲမြံခိုင်ခံ့တည်တံ့ချင်တဲ့ ကြာသပတေးနေ့သားသမီးများဟာ ‘ဝါးသဲ’သားကို ဘုရားထုလုပ် ကိုးကွယ်ကြရမယ်’။

‘သောကြာသားသမီးများအတွက်ပြောမယ် သောကြာနေ့ရဲ့ အမြင့်နေ့ ကြာသပတေးနေ့ ဖြစ်တယ်။ အညွှန့်နေ့က စနေနေ့ ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့ ကြာသပတေးနံနဲ့ အညွှန့်နေ့ စနေနံသားကို ရှာပါဆိုရင် ‘ပိတောက်’သားကို တွေ့ရမယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူး၊ မိသားစု မြဲမြံခိုင်ခန့် တည်တံ့ချင်တဲ့ သောကြာနေ့ သားသမီးများဟာ ‘ပိတောက်’သားကို ဘုရားထုလုပ် ကိုးကွယ်ကြရမယ်’။

‘စနေသားသမီးများအတွက်ပြောမယ် စနေနေ့ရဲ့ အမြင့်နေ့က သောကြာနေ့ ဖြစ်တယ်။ အညွှန့်နေ့က တနင်္ဂနွေနေ့ ဖြစ်တယ်။ ဒါ့ကြောင့် အမြင့်နေ့ သောကြာနံနဲ့ အညွှန့်နေ့ တနင်္ဂနွေနံသားကို ရှာပါဆိုရင် ‘သစ်အယ်’သားကို တွေ့ရမယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူး၊ မိသားစု မြဲမြံခိုင်ခန့် တည်တံ့ချင်တဲ့ စနေသားသမီးများဟာ ‘သစ်အယ်’သားကို ဘုရားထုလုပ် ကိုးကွယ်ကြရမယ်’။

‘စီးပွား၊ ရာထူး၊ တိုးတက်ချင်တဲ့ လူတွေအတွက် ဘယ်လို အသားကို ဘုရားထုလုပ် ကိုးကွယ်ရမယ်ဆိုတာကိုတော့ ကိုရင်စိန်ခိုကပဲ ပြောပြစမ်းပါလေ’။

‘ဖြစ်ပါတယ် ကိုရင်ညိုကြီးရာ စီးပွားတွေ ဖြစ်ချင်တယ်။ ရာထူးတွေတိုးချင်တယ်ဆိုတဲ့ လူတွေအတွက် ဘယ်လိုသစ်သားမျိုးကို ဘယ် နေ့သားတွေက ထုလုပ်ကိုးကွယ်ရမယ်ဆိုတာ ပန်းပဲမင်းကြီးဦးမှိုက ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်လို့ ကျုပ်တို့ဘုန်းကြီး ဦးဒါယိတ်က ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်လေ။ ဘယ်နေ့သားသမီးပဲဖြစ်ဖြစ် ကိုယ့်မွေးနေ့ကနေပြီး သုံးခုမြောက်မွေးနေ့ရောက်အောင် ရေတွက်ရမယ်။ ဒါကိုပဲ တြိရန်းနေ့လို့ ခေါ်ကြတယ်။ ရှင်းအောင် ရေတွက်ပြမယ်။ တနင်္ဂနွေသားသမီးဆိုပါတော့။ အဲ့ဒီ တနင်္ဂနွေပြီးတော့ တနင်္လာနေ့၊ တနင်္လာနေ့ပြီးတော့ အင်္ဂါနေ့ ရောက်ရော့။ တစ် တနင်္ဂနွေ၊ နှစ် တနင်္လာ၊ သုံး အင်္ဂါ။ ဒါဆိုရင် သုံးခုမြောက် တြိရန်းနေ့ ရောက်ပြီပေါ့။ တနင်္ဂနွေသားသမီးဟာ သုံးခုမြောက် တြိရန်းဖြစ်တဲ့ အင်္ဂါ သစ်သားနံကိုရှာလိုက်တော့ ‘ညောင်’သားကို တွေ့ရမယ်။ ဒါ့ကြောင့် စီးပွား၊ ရာထူးတိုးတက်ချင်တဲ့ တနင်္ဂနွေသားသမီးဟာ ‘ညောင်’သားကို ဘုရားထုလုပ် ကိုးကွယ်ရမယ်’။

‘တနင်္လာသားသမီးကတော့ သုံးခုမြောက် တြိရန်းနေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနံ ‘လွန်’သားကို တွေ့ရမယ်’။

‘အင်္ဂါနေ့သားသမီးကတော့ သုံးခုမြောက် တြိရန်းနေ့ဖြစ်တဲ့ ကြာသပတေးနံ ‘ပေါက်’သားကို တွေ့ရမယ်’။

‘ဗုဒ္ဓဟူးနေ့သားသမီးကတော့ သုံးခုမြောက် တြိရန်းနေ့ဖြစ်တဲ့ သောကြာနံ ‘ဆီး’သားကို တွေ့ရမယ်’။

‘ကြာသပတေးသားသမီးကတော့ သုံးခုမြောက်တြိရန်းနေ့ဖြစ်တဲ့ စနေနံ ‘ထိန်’သားကို တွေ့ရမယ်’။

‘သောကြာသားသမီးကတော့ သုံးခုမြောက် တြိရန်းနေ့ဖြစ်တဲ့ တနင်္ဂနွေနံ ‘အင်’သားကို တွေ့ရမယ်’။

‘စနေသားသမီးကတော့ သုံးခုမြောက် တြိရန်းနေ့ဖြစ်တဲ့ တနင်္လာနံ ‘ကျွန်း’သားကို တွေ့ရမယ်’။

‘အဲ့ဒီလို ကိုယ့်မွေးနံကစပြီး ရေတွက်လိုက်တဲ့အခါ သုံးခုမြောက်ဖြစ်တဲ့ တြိရန်းနေ့ရဲ့ နံသားတွေကို ဘုရားထုလုပ် ကိုးကွယ်ကြသူတိုင်းဟာ စီးပွား၊ ဥစ္စာ၊ တိုးတက်ချမ်းသာမယ်။ ရာထူးမြင့်မားမယ်လို့ ဆိုထားတာပဲ အသက်ရှည်ဖို့အတွက် ဘုရားထုလုပ်ကိုးကွယ်ရမယ့် နေ့နံသားတွေအကြောင်းကိုတော့ ကိုရင်ကျားကပဲ ရှင်းပြပါတော့လေ’။

‘အလှည့်ရောက်တော့လည်း ဒိုးဒိုးဒေါက်ဒေါက် ပြောရတော့မှာပေါ့ ကိုကြီးသီးရာ။ အသက်ရှည်ဖို့ ကျမ်းမာဖို့ ဘုရားထုလုပ်ကိုးကွယ်ရမယ့် နေ့နံသားတွေကို ရှင်းပြပါ့မယ်’။

‘ဘယ်သူပဲဖြစ်ဖြစ် မိမိမွေးနေ့ရဲ့ နံသစ်သားကို ဘုရားထုလုပ်ကိုးကွယ်ရမယ်။ ဥပမာ-တနင်္ဂနွေသားသမီးဆိုရင် ‘အင်’သား။ တနင်္လာသားသမီးဆိုရင် ‘ကံ့ကော်’သား။ အင်္ဂါသားသမီးဆိုရင် ‘ညောင်’သား၊ ဗုဒ္ဓဟူးသားသမီးဆိုရင် ‘လွန်’သား။ ကြာသပတေးသားသမီးဆိုရင် ‘ပေါက်’သား။ သောကြာသားသမီးဆိုရင် ‘သီး’သား။ စနေသားသမီးဆိုရင် ‘ထိန်’သားတို့ကို ဘုရားထုလုပ် ကိုးကွယ်ကြရမယ်။ ဘယ်နေ့တွေမှာ ဘုရားထုလုပ်ရမယ်။ ဘုရားဘွဲ့ကို ဘယ်လိုမှည့်ရမယ်။ ဘုရားကိုးကွယ်ရင် ဘယ်လောက်အကျိုးရှိမယ်ဆိုတာတွေကိုတော့ နောက် ဥပုသ်နေ့မှဆက်ကြစို့ ဒီနေ့တော့ တော်တော်များသွားပြီ နားကြစို့လေ’။

အဘိုးကျား၏ နိဂုံးချုပ်စကားကြောင့် အဘိုးတို့သည် စကားများ မဆက်ကြတော့ပါ။ ငြိမ်သက်သွားကြ၏။ နေမင်းကြီးကလည်း ဂေါ်ရာကျွန်းသို့ ရွှန်းသွားသည်ကိုး။ ။

မောင်လောက

## မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်ပြည့်ကျေးရွာ၌ တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေမောင်က ကန်ပြည့်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏အကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်း အကြောင်းအရာများ၊ ချေးငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါလိုက်နာရမည့် တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်ပြည့်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ တောင်သူ ၅၄ ဦးကို တတိယ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း အကြိမ်မြောက် ရန်ပုံငွေကျပ် ၁၀၄ သိရသည်။ **(အပေါ်ပုံ)(၄၄၅)**



## အချိုအရသာစွဲလမ်းနှစ်သက်သူများအနေဖြင့် စိတ်ကျရောဂါနှင့် ဆီးချိုရောဂါခံစားရမည်

ဗြိတိန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ ကျန်းမာရေးနှင့် ဇီဝဆေးပညာ ပါမောက္ခ နိုဖာဂိုက်ဖ်မန်းဦးဆောင်သော သုတေသီများသည် အစားအစာနှင့် ရောဂါများအကြား ဆက်နွယ်ပတ်သက်ပုံကို လေ့လာပြီးနောက် တွေ့ရှိသောရလဒ်များနှင့်ပတ်သက်၍ မကြာသေးမီက



သုတေသနစာတမ်းရေးသားခဲ့သည်။

လူပေါင်း ၁၈၀၀၀၀ ၏ အချိုစားသုံးမှုနောက်ဆက်တွဲ ပြဿနာများအကြောင်းကို အဓိကထား လေ့လာခဲ့ခြင်း ဖြစ်သည်။

ထိုသို့လေလာရာမှ အချိုအရသာစွဲလမ်းနှစ်သက်သူများအနေဖြင့် စိတ်ကျရောဂါနှင့် ဆီးချိုရောဂါခံစားရမည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ပါမောက္ခ နိုဖာဂိုက်ဖ်မန်းက ရှင်းလင်းပြောကြားသည်။

၄င်းဦးဆောင်သော သုတေသီများသည် လူ့သွေးတွင်းရှိ ပရိုတိန်းနမူနာများကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(SCI)**





## Jung Kook နှင့် Jimin ဘူဆန်သားနှစ်ဦး 2025 Grammy ဆုတင်သွင်းခြင်းခံရ

ဘီတီအက်စ်အဖွဲ့ဝင် ဘူဆန်သားနှစ်ဦးဖြစ်သည့် ဂျောင်ကုနှင့် ဂျီမင်၏ သင်တန်းမတက်မီ ပြင်ဆင်ထုတ်လွှင့်ခဲ့သည့် ဂီတအယ်လ်ဘမ်များ 2025 Grammy ဆုတင်သွင်းခြင်းခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပတ်ဂျီမင်(ခေါ်)ဂျီမင်၏ တစ်ကိုယ်တော်ဂီတ Muse ကို Album of the Year, Best Pop Vocal Album နှင့် Who ကို Record of the Year, Song of the Year, Best Pop Solo Performance အတွက် ၂၀၂၅ ခုနှစ် ဂရမ်မီဆုတင်သွင်းခြင်းခံခဲ့ရသည်။

ဂျောင်ကု၏ Golden က Album of the Year, Best Pop Vocal Album၊ 3D နှင့် Best Pop Duo/Group Perfomance, Standing Next to You နှင့် Record of the Year, Best Pop Solo Performance နှင့် Best Music Video တို့အတွက် ၂၀၂၅ ခုနှစ် ဂရမ်မီဆုတင်သွင်းခြင်းခံရကာ ဘူဆန်သားနှစ်ဦးအတွက် ပရိသတ်များ ရင်ခုန်စောင့်စားနေကြသည်။**(SKY)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Running Man မှ Kim Jong Kook က လေအေးပေးစက်လုံးဝအသုံးမပြုဘဲ ချွေတာခဲ့

အဆိုတော်တစ်ဦးဖြစ်ပြီး Running Man အဖွဲ့ဝင်ကျားကြီး(ခေါ်)ကင်ဂျောင်ကုသည် နွေရာသီပူပြင်းချိန်တွင် လေအေးပေးစက်အသုံးမပြုဘဲ ချွေတာရေးလုပ်ခဲ့သူတစ်ဦးဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဂျောင်ကုသည် လက်ရှိ အမ်ဘီစီ၏ Sting Show တွင် ပါဝင်ခဲ့ပြီး နွေရာသီကာလတစ်လျှောက်လုံး အိမ်တွင် လေအေးပေးစက်အသုံးမပြုဘဲ စီးပွားရေးအခြေအနေကို မြိုးခြံချွေတာသင့်ကြောင်း အကြံပြုဆွေးနွေးသွားခဲ့သည်။



သက်ကြီးပိုင်း ပရိသတ်များက ကင်ဂျောင်ကုကို အတုယူသင့်ကြောင်း ယနေ့ခေတ်လူငယ်များက ရာသီဥတုမဆိုးလည်း လွယ်လင့်တကူ လေအေးပေးစက်ဖွင့်ထားကြ၍ အသုံးမပြုလျှင် ချွေတာရာရောက်ကြောင်း ချီးကျူးစကားပြောထားကြသည်။

လူငယ်ပိုင်းကမူ ယခုထိ ဒီလူအသက်ရှင်နေသည်ကို ထူးဆန်းကြောင်း၊ ထို့ကြောင့် လူပျိုကြီးဖြစ်နေပြီး ယခုနှစ်အပူလွန်ကဲ၍ အိမ်တွင်းပစ္စည်းများ အရည်ပျော်လိမ့်မည်ဟုဆိုကြကာ ကင်ဂျောင်ကုက ၂၀၂၅ ခုနှစ် နွေရာသီကိုပင် ထပ်မံစိန်ခေါ်ထားသည်။ **(SKY)**



## Shin Hye Sun ကြောင့် Dear Hyeri အနုပညာလက်ရာကောင်းမွန်ခဲ့

ကိုယ်စွဲစိတ်ရောဂါ (DID) အခြေပြုရိုက်ကူးထားသည့် Dear Hyeri တွင် အဓိကဇာတ်ကောင်ရှင်ဟေဆန်ပါဝင်ထားပြီး အနုပညာစွမ်းရည်ပြသမှုကောင်းမွန်သဖြင့် လက်ရာကောင်းဖြစ်ခဲ့ကာ ပရိသတ်အားပေးမှုမြင့်မားခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် စိတ်ဒဏ်ရာကြီးလွန်း၍ နာကျင်ရသဖြင့် ဦးနှောက်မှ မေ့ပစ်ရာတွင် ကိုယ့်ကိုယ်ကိုယ်ပါ ပျောက်ဆုံးလာသည့် ကိုယ်စွဲစိတ်ရောဂါ (DID)ဖြစ်နေသည့် အမျိုးသမီးတစ်ဦးကို အခြေခံရိုက်ကူးထားသည်။

ဂျောင်ဂျီဟွမ်နှင့် ဟန်ဂါရမ်တို့က ဇာတ်ညွှန်းခွဲပေးထားကာ နေ့စဉ်ဘဝ မြင်တွေ့ရသည့်အရာများကို လေးနက်ထူးခြားအောင် ရိုက်ကူးပြသထားပြီး နောက်ခံသံမှအစ သဘာဝဆန်စွာ သုံးထားပြီး ထိပ်တန်းသရုပ်ဆောင် ရှင်ဟေဆန်နှင့်အတူ လီဂျီဝှဒ်၊ ကန်ဟွန်တို့ပါဝင်အားဖြည့်ထားပြီး အပိုင်းလေးနှင့်ပရိသတ်ရင်ထဲရောက်ခဲ့သည်။ **(SKY)**

## Eminem မြေးချီရတော့မည်ဟု သိရ

ကမ္ဘာကျော်အဆိုတော် အမ်မီနမ်သည် မကြာမီ အဘိုးရာထူးတိုး၍ မြေးချီရတော့မည်ဟု အချစ်ဆုံးသူငယ်ချင်း 50 Cent က ပြောကြားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ လူမည်းဂီတလောကတွင် လူဖြူတစ်ဦးအဖြစ် ကျော်ကြားခဲ့သည့် အမ်မီနမ်ကို အချစ်ဆုံးသူငယ်ချင်း ဖစ်တီဆင့်က စကားပါးခဲ့ရာတွင် မြေးချီရတော့မည့်အကြောင်း သိခဲ့ရသည်။

'အမ်မီနမ်ရေ ငါတို့ အိုလာတာပါလားကွာ'ဟု သူငယ်ချင်းကို ပြောကြားခဲ့ပြီး အဘိုးရာထူးတိုး၍ မြေးချီရတော့မည့် အမ်မီနမ်ကို ဂုဏ်ပြုစကား ပြောကြားခဲ့သည်။ **(SKY)**



## Quiet Sales ၏ ကြော်ငြာပိုစတာကို ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေ

နာမည်ကြီးအနုပညာရှင် မင်းသမီးလေးဦးပါဝင်ထားသည့် Quit Sales ဒရမ်မာဇာတ်ကားကြော်ငြာပိုစတာကို ပရိသတ်စိတ်ဝင်စားမှုမြင့်မားနေကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။





အဆိုပါဇာတ်ကားကို ဂျေတီဘီစီ ထုတ်လုပ်ထားပြီး ၁၉၉၂ ခုနှစ်အတွင်း အမျိုးသမီး အထူးအသုံးအဆောင်ပစ္စည်းများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချသည့် အမျိုးသမီးလေးဦး၏ ဘဝနှင့် စီးပွားရေးစနစ်အကြောင်း ရိုက်ကူးတင်ဆက်ထားသည်။

ယင်းဇာတ်ကား၏ ကြော်ငြာပိုစတာများကို ခရမ်းပြာ၊ ငုပါဝါ၊ စိမ်းဖန့်ဖန့်နှင့်ပန်းနုရောင် မရင့်တရင့်ဝတ်စုံများနှင့် ကြော်ငြာထားရာ ပရိသတ်ကြား ဆွဲအားပြင်းခဲ့သည်။ **(SKY)**

## Richard Gere က တန်ဖိုးမထားဘဲ မေ့နေသည့်အရာကို ပြသသွား

ဟောလိဝုဒ်နာမည်ကျော် အနုပညာရှင် ရစ်ချက်ဂီယာသည် အိမ်ခြေယာမဲ့တစ်ဦးကဲ့သို့ ပုံဖျက်၍ မြို့ပတ်ခဲ့ပြီး သူရရှိခဲ့သည့် တန်ဖိုးမထားဘဲမေ့နေသည့် အရာများကို ပြသ၍ ဝေမျှသွားခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ရစ်ချက်ဂီယာသည် အိမ်ခြေယာမဲ့တစ်ဦးကဲ့သို့ ဝတ်ဆင်၍ လမ်းတကာတွင် ဘေးမှလူများက ရှုံ့ရှာပုံပေါက်နေကြပြီး အမျိုးသမီးတစ်ဦးကသာ စားစရာပေးခဲ့သည်ကို အံ့သြဖွယ်ကြုံတွေ့ခဲ့ရသည်။



ရစ်ချက်ဂီယာက ရှိသော အရာများကို တန်ဖိုးမထားဘဲ မေ့နေကြသည့် အကြိမ်များစွာရှိကာ တစ်ဦးကိုတစ်ဦး ကူညီရန်အတွက် သူ့စမ်းသပ်မှုကို အဆုံးသတ်ပြီး မြို့ပတ်၍ စားစရာများ ဝေပေးခဲ့သည်။

အိမ်ခြေယာမဲ့တိုင်းကိုလည်း ဒေါ်လာတစ်ရာပေးခဲ့၍ ကျေးဇူးတင်ငိုကြွေးသည်ကိုတွေ့ရကာ ရစ်ချက်ဂီယာက ဒီနေ့သင်လိုချင်သည့်အပြောင်းအလဲဖြစ်ပါစေဟု ပြော၍ ဝေမျှပေးထားသည်။ **(SKY)**

## အများသိစေရန် အသိပေး ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ဦးဩကြီး (ဘ)ဦးစံရီ၊ နိုင်ငံသားမှတ်ပုံတင် DW 039540 အမည်ဖြင့် မြေနေရာချထားသည့် ပေ (၃၀×၄၀)မြေစလစ်၊ အကွက်အမှတ် မမ-၁၈/၇၉၈၏ အနောက်ဘက်ခြမ်း (၁၅)ပေ× ပေ(၄၀)၊ ဝင်းခြံခတ်ပြီး မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဇော်ဖြိုး (ဘ)ဦးမောင်မောင်မြင့်၊ နိုင်ငံသားမှတ်ပုံတင် (၉/ပကခ(နိုင်)၀၁၀၀၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးဝင်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါကြေညာချက် ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဝင်း**(B.Sc) (H.G.P) (R.L.2) (D.B.L) (D.I.L) (P-G.D.L) (D.O.S) (P.-G Dip: in English) (L.T.G-English) (Ind:Med) (Abhi) (Vissudhi) (DL-101, IP Law, WIPO, Geneva, Switzerland)
**အထက်တန်းရှေ့နေ ဒေါ်စိန်မေဝင်း** (LL.B) (D.B.L) (DL- 101, IP Law, WIPO, Geneva, Switzerland)
**အထက်တန်းရှေ့နေ ဦးကျော်မောင်ဝင်း** (LL.B) (D.B.L) (DL- 101, IP Law, WIPO, Geneva, Switzerland)
**အထက်တန်းရှေ့နေ ဒေါ်ခင်ခင်ထွန်း** (LL.B) (DL- 101, IP Law, WIPO, Geneva, Switzerland)
**အထက်တန်းရှေ့နေ ဦးရဲကျော်ဝင်း** (LL.B) (D.B.L) (DL- 101, IP Law, WIPO, Geneva, Switzerland)
**အထက်တန်းရှေ့နေ ဒေါ်ဋ္ဌေးဋ္ဌေးအောင်** (LL.B) (DL- 101, IP Law, WIPO, Geneva, Switzerland)
**ရုံးခန်း – "နတ်" အုပ်စု၊** "Nut" Group (Law Firm) **"နတ်မြင်းပျံ" (၆၂)လမ်း၊ (၁၁၂လမ်းနှင့် ၁၁၂A လမ်းကြား)၊ ၈-၅/ ၂၃+၂၄၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။**
09:2020802, 09:792020802, 09:798525272, 09:402512012, 09:457611022, 09:402598364, 09:444003656

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းတွင် မြေကွက်လပ်ကို မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ ခွင့်ပြုမိန့်တင်ပြတောင်းခံ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခွင့်ပြုမိန့်တင်ပြခြင်း အတွက်ပေးသွင်းမည့် အခွန်နှုန်းထားနှင့် ခွင့်ပြုမိန့်တင်ပြခြင်းမရှိဘဲ ဆောင်ရွက်ခြင်းအတွက် ပေးဆောင်ရမည့်ဒဏ်ကြေးငွေ နှုန်းထားများအား အောက်ဖော်ပြပါအတိုင်း(၁-၁၀-၂၀၂၄)ရက်နေ့မှစ၍ သတ်မှတ် ကောက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အကြောင်းအရာ | အတိုင်းအတာ | နှုန်းထား(ကျပ်) |
|---|---|---|---|
| (က) | ခွင့်ပြုမိန့်တောင်းခံပါက ကွင်းဆင်းစစ်ဆေးခ | ၁ ကုဗပေ | ၃၀/– |
| (ခ) | ခွင့်ပြုမဲ့ဆောင်ရွက်ပါက ဒဏ်ကြေးငွေ | ၁ ကုဗပေ | ၁၀၀၀/– |

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "BTS" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြားနေ ဦးစီပေါ်(ဘ) ဦးမန်းဗဟာဒူး(၁၃/လလန(နိုင်)၁၀၁၉၈၇)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။




"BTS"

**စာချုပ်အမှတ်–(၃၁၃၄/ ၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေ **ဦးစီပေါ်**သည် အထက်ဖော်ပြပါ **"BTS"** တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-(၃၁၃၄/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အဝတ်အထည်အမျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးစီပေါ်** ပိုင် **"BTS"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အဝတ်အထည်အမျိုးမျိုး)**တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန် နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဦးစီပေါ်** ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး** (LL.B)
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
Office –**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း** 02-4068839, 09-2006029, 09-792006029, 09-692006029
**Iadylawyer.khinninisoe@gmail.com,**

## အထွေထွေကိုယ်စားလှယ်စာများ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ကံကော်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဦးပိုင်(၇၃၀)နေ ၁။ ဒေါ်ခင်ခင်သောင်း(ဘ)ဦးသောင်းရွှေ(၈/မဘန(နိုင်)၀၄၇၂၉၃)၊ ၂။ ဦးမြတ်မောင်မောင်(ဘ)ဦးသိန်းဖုံ(၉/မရတ(နိုင်)၀၂၀၁၄၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်(၆၆၀)၊ ဦးပိုင်အမှတ်(၉၉-က)၊ ဧရိယာ(၀.၁၁၇၂)အကျယ်အဝန်းရှိ ဦးသိန်းဖုံအမည်ပေါက် ဘိုးဘပိုင် မြေကွက်နှင့်ပတ်သက်၍ (၂၇-၇-၂၀၂၂)ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၈၁/၂၀၂၂)ဖြင့် ဒေါ်ခင်ခင်သောင်းက ဒေါ်နွယ်နွယ်မြင့်ထံသို့ လွှဲအပ်ပေးခဲ့ပါသည်။

ထို့နောက် (၁၆-၂-၂၀၂၃)ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၈၇/၂၀၂၃)ဖြင့် ၁။ဒေါ်ခင်ခင်သောင်း၊၂။ဦးမြတ်မောင်မောင်တို့က ၁။ဦးကိုကိုကြီး(ဘ)ဦးသာဒင်၊၂။ဦးအောင်မျိုးလွင်(ဘ)ဦး Y.G မာဂျူးတို့ထံသို့ လွှဲအပ်ခဲ့ပါသည်။

ယခုအခါတွင် လွှဲအပ်သူများနှင့်လွှဲအပ်ခံရသူတို့သည် လုပ်ငန်းကိစ္စအဝဝအားလုံး ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၈၁/၂၀၂၂)နှင့် (၁၁၈၇/၂၀၂၃)တို့ကို ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
၁။ဒေါ်ခင်ခင်သောင်း(၈/မဘန(နိုင်)၀၄၇၂၉၃)
၂။ဦးမြတ်မောင်မောင်(၉/မရတ(နိုင်)၀၂၀၁၄၃)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဇော်လင်း(တရားလွှတ်တော်ရှေ့နေ)
လမ်း၂၀နှင့်၂၁လမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြား၊
မီးသွေးတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၆၈၃၉၀၄၁၈၄၊ ၀၉-၂၅၆၀၃၅၄၁၅

## ကြော်ငြာစာ

မန္တလေးပြည်ကြီးတံခွန်မြို့နယ်၊(ဓ)ရပ်ကွက်၊အကွက်အမှတ်(နန-၂၀)၊ဦးပိုင်အမှတ်(၇၆)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ စံပြလမ်းနှင့်သခင်ဖိုးလှကြီးလမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်စိုး(ခ)တင်ချုပ်(၉/မရတ(နိုင်)၀၁၁၀၁၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၅၇/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်မောင်ဇော်(၉/စကတ(နိုင်)၀၁၆၉၂၆)က ဘောဂရန်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(၄)၊ဦးပိုင်အမှတ်(၅၄+၅၅)၊ လမ်း၅၀နှင့်၅၁လမ်းကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူဒေါ်နီ၏(SP ရရှိသူမောင်ရှန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၁၄/၂၀၀၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းစိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၃၇/၂၀၀၆)ဖြင့် ဒေါ်ထွေးထွေးအောင်က ဝယ်ယူခဲ့ပြီး ဒေါ်ထွေးထွေးအောင်၏(SP ရရှိသူ ဒေါ်ဝင်းဝင်းရွှေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၆၁/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သူဇာဝေ(၁/မကန(နိုင်) ၀၂၂၁၃၅)က ဦးပိုင်ခွဲမိန့်နှင့်အတူ အမှုတွဲအမှတ်(၄၆၉၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၅၅)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀.၁၁၃မ၀၂၉၉)ဧက အကျယ်အဝန်းရှိသော ဦးဝင်းမောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ် အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂-၉-၂၀၁၉)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ် (၁၀၀၂၉/၂၀၁၉)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးသန်းမောင် (ဘ)ဦးလင်းရွှေ (၁၃/မဆတ(နိုင်)၀၀၂၀၅၂)၊ (၂)ဒေါ်နှာအူ(ဘ)ဦးအိုက်ဟိုင်း(၁၃/ကတန(နိုင်)၀၆၃၇၀၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး** (LL.B)
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
Office –**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း** 02-4068839, 09-2006029, 09-792006029, 09-692006029
**Iadylawyer.khinninisoe@gmail.com,**


# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်မှု အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ မဟာဇနကဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မကြည်စင်သန့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မဖူးဖူးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မအိမ့်မြတ်မွန်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု မအိန္ဒြာမြင့်မြတ်မွန် ကိုယ်စားပြု မဥာဏ်မြတ်သွန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မဖြိုးဖြိုးဝေနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက် ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

ထို့နောက် ချင်းတိုင်းရင်းသား ရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ကိုယ်စားပြု မောင်ဘောမ်ချမ်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု နန်းဇင်မီမီမိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီး မောင်ကောင်းစံဟိန်းနှင့် အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြုမောင်ပိုင်ထက်နှင့်အဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မောင်အောင်စိုးမိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကို ချင်းအလှ၊ ချင်းတို့ဟန်ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ






ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဥမကွဲသိုက်မပျက်"သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာပြည်ခရီးစဉ်" သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။






ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

## အခြေခံကဗျာလွတ် ကကြိုး ကကွက်များကို ကပြယှဉ်ပြိုင်

မြန်မာ့အကအခြေခံကဗျာလွတ် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု မိရွှေရည်ဖူးပွင့်နှင့်အဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု မနီဝင်းထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မသိမ့်ကြည်ကြည်လင်းဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု မနေခြည်ထက်ခန့်နှင့်အဖွဲ့၊ ကချင်ပြည်နယ်ကိုယ်စားပြု မလဖိုင်နန်ထွမ်ဆမ်နှင့် အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု မထွန်းရတနာဗိုလ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မဆုသစ်သစ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး

ချင်းတိုင်းရင်းသား ရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ချင်းပြည်နယ် ယဉ်ကျေးမှု အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာအကကို ချင်းရိုးရာ ကကြိုးကကွက်များ စုံလင်စွာ စံပြအနေဖြင့် ကပြကြသည်။

ကိုယ်စားပြု မောင်ထွန်းပြည့်အောင်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မိဝင်းရတနာဇင်မျိုးထွေးနှင့် အဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု မောင်အာကာပြည့်ဖြိုးနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ဦးကျော်ထက်အောင်နှင့် အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဦးအောင်ပြည့်စုံနှင့် အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဆလိုင်းသော်တာဝင်းနှင့် အဖွဲ့တို့က ချင်းပြည်နယ်၏ သဘာဝအလှတရားများနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် "ချင်းတောင်တန်းမှ ကြိုဆိုလျက်" သီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး ကကွက်များ တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၄ သို့ »»